mgyoe.com
SAMPLE BOOK

# အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး




မယ်စု

mgyoe.com

mgyoe.com SAMPLE BOOK



အချစ်ဦးသည်
ငယ်ငယ်ကစွဲလမ်းမြတ်နိုးခဲ့ရသော
အပြာရောင်ဂျင်းဂျက်ကတ်
သေးသေးလေးဖြစ်၏။
အတိတ်သည်
လှပစွာ နွေးထွေးခဲ့ဖူးသော နယ်မြို့ကလေးဟု
သတိထားမိချိန်တွင် ...
ထိုဂျင်းဂျက်ကတ်လေးအား
မှုလသေတ္တာထဲ
ပြန်လည်ခေါက်သိမ်းထားလိုက်ရှိသာ ...

မယ်စု

# အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး

အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး(မယ်စု)
9 782022 000022

mgyoe.com

mgyoe.com

SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၂)

## ပုံနှိပ်မှတ်တမ်း




အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး

မယ်စု

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးဒီဇိုင်း - **Ancient**

အတွင်းဒီဇိုင်း - နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ - ၁၀၀၀

စာအုပ်တန်ဖိုး - ၄၅၀၀ ကျပ်

ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)

ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

မယ်စု
အချစ်ဦးရဲ့ဂျင်းဂျက်ကတ်လေး / မယ်စု။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၂၀၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၂) အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး


mgyoe.com

mgyoe.com SAMPLE BOOK

## အမှတ်တရစကား

ဆရာမ မယ်စုရဲ့ဝတ္ထုအတွက် အမှတ်တရစကားလေး ရေးပေးဖို့ ဆရာမက ညီလေး ပြည့်အာကာဆီကနေတဆင့် ပြောလာပါတယ်။ ကျွန်တော် အမှာစာ မဟုတ်တဲ့ အမှတ်တရစကားလေးပဲ ဆိုချင်ပါတယ်။ ပြောနေကျလိုပါပဲ။ ကျွန်တော့်မှာ သူတစ်ပါးရဲ့အနုပညာကို ဝေဖန်နိုင်တဲ့ လုံလောက်တဲ့ ပညာရှိတယ်လို့ မယုံကြည်လို့ပါ။

ကျွန်တော်လည်း စာရေးသူတစ်ယောက်ဖြစ်နေတဲ့အခါ တခြားဝတ္ထုကိုဖတ်ရင် ကျွန်တော့်မှာ နှစ်မျိုး ရှိပါတယ်။ တစ်မျိုးက သူ ဘယ်လိုရေးထားပါလိမ့်ဆိုတဲ့ စူးစမ်းချင်စိတ်ကဲပြီး ဖတ်တာ။ အဲဒီအခါကျရင် ဝတ္ထုကို ခံစားနိုင်စွမ်းထက် နောက်ကွယ်က ဖန်တီးမှုအကြောင်းကို လိုက်ကြည့်နေရတော့ ခံစားနိုင်စွမ်း လျော့ကျသွားပါတယ်။ နောက်တစ်မျိုးကတော့ စာရေးသူရဲ့ ခေါ်ဆောင်ရာနောက်ကို လိုက်တာပါ။ အဲဒီအခါ စိမ်းမြနုသစ်မှု၊ ဝါကြင်ဆွေးမြည့်မှု၊ ပျော်ရွှင်စွတ်စိုမှု၊ အနိမ့်အမြင့်၊ အတက်အကျ အားလုံးကို ကျွန်တော် လိုက်လံ ထိတွေ့လို့ ရပါတယ်။ ကျွန်တော် အခုနောက်ပိုင်း စာအုပ်ဖတ်ရင် ဒုတိယနည်းနဲ့ ဖတ်ပါတယ်။ စာဖတ်တာဟာ စိတ်ရဲ့သက်သောင့်သက်သာရှိခြင်းနဲ့ စိတ်ရဲ့အခြားနံရံတစ်ဘက်ကို အလည်သွားလိုခြင်းပါပဲ။ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားချက်နောက်ကိုပဲ လိုက်ပါတယ်။

ဒီဝတ္ထုလေးအကြောင်းကိုဆက်ရရင် နယ်မြို့လေးတစ်မြို့နဲ့ ငယ်ချစ်ဦးအကြောင်းကို အခြေတည်ရေးဖွဲ့ထားပါတယ်။ အညာရပ်ဝန်းတွေနဲ့ မစိမ်းတဲ့ ကျွန်တော်က အညာရှုခင်း မြင်ကွင်းတွေ၊ အိုးလုပ်ငန်း၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့် စတဲ့ နယ်မြို့ရဲ့ အငွေ့အသက်တွေကို ပြန်လည်ခံစားရရှိပါတယ်။ ဆရာမက နယ်မြို့မှာ ခတ်ထားတဲ့ ခြစည်းရိုးအကြောင်း အသေးစိပ်လေး ရေးထားတာကိုတွေ့တော့ ပြုံးရပါတယ်။ စာရေးသူတွေထဲမှာ ခေတ်အဆက်ဆက် အမျိုးသမီးတွေရဲ့ စိတ်ရှည်လက်ရှည် ထုဆစ်ပုံဖော်မှုဟာ အမျိုးသားစာရေးသူတွေထက် ပိုသာတယ်လို့ ကျွန်တော်က ယူဆပါတယ်။

ချစ်ခြင်းမေတ္တာဟာ ပြောရခက်ပါတယ်။ ချစ်ခြင်းမေတ္တာဟာ ပုံဖော်ရခက်သလို ခန့်မှန်းရလည်း ခက်ပါတယ်။ လူ့ဘဝဆိုတာကလည်း တစ်ခါတလေ ဆန်းကြယ်နေပြန်တယ်။ ဇာတ်ကောင် မင်းဆက်ရဲ့ စိမ့်နဲ့ ရွှန်းအပေါ် မှာ တွေဝေမှုကို ချရေးပြထားတဲ့အခါ ချစ်ခြင်းမေတ္တာက အဲဒီလောက်စွမ်းအင်မရှိဘူးလားဆိုတဲ့ မချင့်မရဲ ဖြစ်စိတ်လေးဟာ အနည်းငယ် ပြန်ပေါ်လာတယ်။ (ငယ်စိတ်ပေါ့လေ။) အခုလို ချစ်ခြင်းမေတ္တာ လျော့ရဲနေကြတဲ့ ခေတ်ကြီးထဲမှာ သင့်ရာတော်ရာ ရွေးချယ်နေထိုင်ကြတဲ့ လူ့သဘာဝရယ်၊ အရွယ်ရောက်ဒဏ်ရာတွေရယ်ကို ပေါင်းစပ်လိုက်တဲ့အခါ ဆရာမဟာ သူ့ဇာတ်ကောင်ကို အရှိအတိုင်း ချပြထားတယ်လို့ နားလည်ပေးရပါတယ်။

အချစ်ဦးဟာ ငယ်ငယ်တုန်းက ဝတ်ခဲ့ဖူးတဲ့ ဂျင်းဂျက်ကတ်လေးပဲ။ အချစ်ဦးဟာ နေရပ်ဇာတိမြို့လေးပဲ။ အချစ်ဦးဟာ တစ်ချိန်က မက်ခဲ့တဲ့ အိပ်မက်မျှသာပဲ။ အချစ်ဦးဟာ ခပ်ပြပြလေး စွန်းထင်နေတဲ့ ဘဝရဲ့ ညထဲက လရောင်ပဲ။ ကျွန်တော်တို့ဟာ အရွယ်ရောက်လာတာနဲ့အမျှ အလှမ်းကွာဝေးလာခဲ့ပါတယ်။

မိသားစု စိတ်ဒဏ်ရာတွေနဲ့ ကြီးပြင်းရတဲ့ မင်းဆက်ဟာ ခွင့်လွှတ်တဲ့စိတ်ကလေးလည်း ရှိပြန်တယ်။ "လိမ္မော်ဖျော့ရောင်ကောင်းကင်ပြင်တွင် အပြာရောင် စွန်ကလေးသည် တဝဲဝဲတလွင့်လွင့်ဖြင့် လှပနေပါ၏။ မေမေ့ဘဝလေးလည်း ဒီလို လှပါစေ" ကျွန်တော် ခွင့်လွှတ်ခြင်းတရားကို

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားမိပါတယ်။

အမေထက်ပိုပြီး ချစ်ရတဲ့ အဒေါ်ဖြစ်သူအတွက် တုတ်ဆွဲမားဆွဲ ရိုင်းစိုင်းရဲခဲ့တဲ့ မင်းဆက်ကိုလည်း ကျွန်တော် မြင်ရပြန်တယ်။ ရိုင်းစိုင်းမှုတွေမှာ နွေးထွေးခြင်းက အဖျားခတ်နေတယ်။ ချစ်ခြင်းမေတ္တာတွေ ယှက်ဖြာနေတယ်။ မိဘမရှိဘဲ အဘွား၊ အဒေါ်၊ ညီမဝမ်းကွဲနဲ့ တည်ဆောက်ထားပေမယ့် နွေးထွေးတဲ့ အသိုက်အမြုံလေးတစ်ခုပါလို့ တဖြည်းဖြည်း စိမ့်ဝင်လာစေတယ်။

"ဘဝဆိုတာ အချိန်တန်ရင် ဒီကုက္ကိုရွက်တွေလိုပဲ ကြွေသွားရမှာ။ သူတို့လိုမျိုး မကြွေသေးခင် ငါနင့်ကို ဝေနေအောင် ချစ်ခွင့်ရချင်သေးတယ်"

နယ်မြို့လေးနဲ့ လိုက်ဖက်တဲ့ ချစ်ခြင်းမေတ္တာဖွဲ့စကားလေးကို ကျွန်တော်က အဖွဲ့အနွဲ့ကြိုက်သူဖြစ်တဲ့ အားလျော်စွာ သတိတရ ဖြစ်မိပါတယ်။ ဝတ္ထုတစ်ခုလုံးကို စကားပြေအရေးအသားနဲ့ ရေးဖွဲ့ထားတာကိုလည်း (ကျွန်တော်အစက ပြောသလို) စာရေးသူနောက်ပဲ လိုက်နေရာက သူဘယ်လိုရေးထားသလဲ ဆိုတဲ့စိတ်နဲ့ ခဏ ချောင်းကြည့်မိပါသေးတယ်။

ချစ်ခြင်းမေတ္တာဟာ အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေးပါ။ ကျွန်တော်တို့ဘဝရဲ့ တစ်ကြိမ်တစ်ခါသော ကာလတွေမှာလည်း ခေါက်သိမ်းထားလိုက်ရတဲ့ နွေးထွေးစွာသော ဂျင်းဂျက်ကတ်လေးတွေကိုယ်စီ ပိုင်ဆိုင်ခဲ့ဖူးပါလိမ့်မယ်။

သင်တို့ရဲ့ချစ်လှစွာသော
ခွန်းညိုသွေး

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

မြို့ကလေးသို့ ကျွန်တော်ချဉ်းနင်းဝင်ရောက်လာသည့်အချိန်က ညနေတိမ်းစအချိန်ပင်။

မြို့ဧရိယာထဲ ဝင်လိုက်သည်ဆိုလျှင်ပဲ ကျွန်တော် ဒူးတွေတုန်လာသလို၊ လက်ဖျားတွေ အေးစက်လာသလို ဖြစ်သွား၏။ စာမပိုင်သေးဘဲ ဆရာမရှေ့မှာ စာပြန်ဆိုပြရမည့် ကလေးငယ်တစ်ယောက်နှယ် စိတ်လှုပ်ရှားနေခြင်းပင်။ ခုန်သောရင်အစုံနှင့်အတူ အတိတ်သို့ပြန်ချင်နေသည့်အတွေးစများကို ပြန်ဆွဲယူလိုက်သလို၊ မငြိမ်နေသောစိတ်ကို ဆိတ်စေရန် ရေဒီယိုဖွင့်၍ ဖမ်းချုပ်လိုက်ရသည်။ ကားစတီယာရင်ပေါ် တင်ထားသော လှုပ်ရှားနေသည့် ကျွန်တော့်လက်ချောင်းများနှင့်အပြိုင် ရေဒီယိုကလာနေသည့် သီချင်းသံစဉ်သည် စည်းချက်ညီနေ၏။

*"ကြာပြီဆိုတော့ မေ့လောက်ပါပြီxxx စိတ်မှာထင်ခဲ့တယ်xxx အချစ်ဦးမို့ ယနေ့ထက်ထိတိုင် ကိုယ်မမေ့နိုင်သေးတယ်xxx အခုနေချိန်များ ပြန်တွေ့ကြရင် အရင်တုန်းကလိုပဲ ရင်ခုန်ဦးမလားxxx"*

တိုက်တိုက်ဆိုင်ဆိုင် ရေဒီယိုကလာနေသည့် ငယ်ချစ်ဦးသီချင်းက လွမ်းချင်နေသောစိတ်ကို ထပ်ဆင့်လှုံ့ဆော်ပေးနေပြန်ပါသည်။ ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

နှုတ်ဖျားများက NO အဖွဲ့ သီဆိုထားသည့် သီချင်းကို လိုက်ဆိုနေမိသည်။ ငယ်ချစ်ဦး သီချင်းသည် တီမေတို့ခေတ်က စိုင်းထီးဆိုင် သီဆိုထားသော်လည်း နောက်ပိုင်းတွင် လူငယ်အဆိုတော်အဖွဲ့က ပြန်ဆိုတေးအဖြစ် အသက်တစ်ဖန်သွင်းခဲ့ကြသည်။ NO အဖွဲ့ဆိုသည်မှာ ကျွန်တော် လူပျိုပေါက်အရွယ်က အသည်းစွဲခဲ့ရဖူးသည့် အပေါက်ဆုံးအဆိုတော်အဖွဲ့များထဲက တစ်ဖွဲ့ဖြစ်သည်။

*'ဟိုတုန်းကချစ်ခဲ့ဖူးတဲ့ အချစ်ဦးလေးရေ အခုချိန်မှာ ဘာကြောင့်များ ရှောင်ပြီးပြေးနေ လွမ်းတာက ရင်မှာ ပြည့်နေတာမို့ ပြန်တွေ့နေအချိန်မှာတောင် မသိဟန်ဆောင်လို့"*

ထိုသီချင်းကို ဘယ်လောက်များရူးသွပ်ခဲ့ဖူးသည်မသိ။ NOအဖွဲ့ဝင် ရည်မွန်၏ရက်ပ်စာသားကို ထပ်တူ ပြန်ရွတ်နိုင်နေသေးသည့် ကျွန်တော့်ကိုယ်ကျွန်တော်လည်း အံ့သြနေမိပါသည်။

ငယ်ချစ်ဦးသီချင်းကို မည်သည့်အချိန်တွင် နားထောင်ထောင် ယခုထက်တိုင် လတ်ဆတ်ဆဲဖြစ်၏။ ထို့အတူ ကျွန်တော့်ကို ပြန်တွေ့သည့်အခါ သူ. . . ရှောင်ပြီးပြေးမည်လား၊ မသိဟန်များ ဆောင်နေမည်လား။ ထိုအတွေး မေးခွန်းနှင့်အတူ အမျိုးသမီးငယ်လေးတစ်ဦး၏ပုံရိပ်လေးက ကျွန်တော့်ခေါင်းထဲသို့ တစ်ပြိုင်နက်တည်း စီးနင်း ဝင်ရောက်လာ၏။ အချစ်ဦးဟု တွေးလိုက်သည်နှင့် ရင်ခုန်သံတို့ နွေးထွေးခဲ့ဖူးသော ခံစားချက်က တစ်ဖန်လတ်ဆတ်ရသည်မှာ မငြင်းသာ။ ကျွန်တော် ငြင်းလည်းမငြင်းမိပေ။

နယ်မြို့ကလေးသည် မမှတ်မိနိုင်လောက်အောင် ပြောင်းလဲနေပြီ။ ကျွန်တော်သိခဲ့သော မြို့ထဲရှိ မညီမညာ ကတ္တရာခင်း နှစ်လမ်းမောင်း မိန်းလမ်းမသည် လေးလမ်းမောင်း နိုင်လွန်ကတ္တရာလမ်းမကြီးဖြစ်နှင့်ပြီ။ ရင်းနှီးခဲ့သော တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်လေးများအစား သစ်လွင်လှပသည့် အထပ်မြင့်အဆောက်အအုံအချို့က နေရာယူထားသည်။ မကြာမီ ရှမ်းကန်ကြီးရှေ့ကဖြတ်လာရသည်။ ကျောင်းပိတ်ရက်တိုင်း ငါးစာလာကျွေးခဲ့ဖူးသော၊ သူနှင့်အတူ လာထိုင်ဖူးသော၊ ချိန်းတွေ့ကြဖူးသော ရှမ်းကန်သည် ယခင်ကထက် ပိုမိုသပ်ရပ်လှပနေသည်။ မှိန်လုလု အဝါရောင်ဖျော့ဖျော့ နေရိပ်သည် ကန်ရေပြင်တွင် အရိပ်ထင်နေသေးသည်။ ကန်ရေပြင်နံဘေးရှိ ကန်ဘောင်

mgyoe.com

mgyoe.com SAMPLE BOOK

ပတ်ပတ်လည်တွင် လက်ရန်းခပ်မြင့်မြင့်များဖြင့် အလှဆင်ထားသည်။ လျှောက်လမ်းများကိုလည်း ကွန်ကရစ်များခင်းထားပြီး လျှောက်လမ်း တလျှောက် နံဘေးတွင် အမောပြေထိုင်ရန် ဆေးရောင်ခြယ် အုတ်ခုံလေးများ လည်းပြုလုပ်ထားသည်။ မှိန်တုတ်တုတ်လမ်းဘေးမီးတိုင်များအောက်က အခါခါ ဖြတ်လျှောက်၍ တီမေနှင့်အတူတူ ဘုရားကိုးဆူသို့ သွားခဲ့ဖူးသော လမ်းမတစ်လျှောက်တွင် မမှောင်သေးခင်မှာပင် လင်းထင်းနှင့်ပြီဖြစ်သော မီးတိုင်များက ဝင့်ကြွားနေကြသည်။ ဆယ်စုနှစ်တစ်ခုစာခန့် မရောက်ဖြစ်တော့ သော မွေးရပ်မြေကလေး၏ ခေတ်မီတိုးတက်လာပုံမှာ မယုံနိုင်စရာပင်။

ကျွန်တော်တို့ ရပ်ကွက်သို့မရောက်ခင် ကုန်တိုက်ကြီးတစ်ခုကို တွေ့လိုက်ရသေးသည်။ ရွှေချိုကိုးလမ်းပေါ်သို့ ဆက်မောင်းလာရင်း အဆင့်မြင့် ရုပ်ရှင်ရုံကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့် ကိုးလမ်းမဟုတ်ဘဲ ကျွန်တော် လမ်းမှားသွားပြီလားဟု သံသယဝင်လာသည်။ ထို့ကြောင့် လမ်းဘေးမှာပဲ ကားကို ချရပ်လိုက်၏။

"ကိုကိုရေ နင်ရောက်ပြီဆို ဖုန်းဆက်လိုက် ငါကားကွင်းကိုလာ ကြိုမယ်"

"လာမကြိုနဲ့ ရတယ်။ Express စီးလာမှာမဟုတ်ဘူး ငါ့ဘာသာ ကားမောင်းခဲ့မယ်။ ညည်းသာ အိမ်မှာ တီမေ့ကို ဟင်းချက်ကူရင်း ဒီအစ်ကိုကို စောင့်နေလိုက်။ ငါ့များ ပြန်မလာတတ်ဘူးများ မှတ်နေလားဟမ် အာလူးမ။ ငယ်ငယ်ကဆို တစ်မြို့လုံး ငါ့ခြေရာတွေ ချည်းပဲ "

"အေးပါ ကိုကိုရယ် နင့်ဘာသာ ကားနဲ့လာလည်း မြို့ထဲဝင်ခါနီး ဖုန်းဆက်လိုက် ငါဆိုင်ကယ်နဲ့ လာခေါ်မယ် နင်မျက်စိလည်နေမှာစိုးလို့ဟ"

အာလူးက လာခေါ်မည်ဟု ပြောချိန်တုန်းက ကျွန်တော် မငြင်းမိဖို့ ကောင်းသည်။ ယခုတော့ သူပြောသလိုပင် မျက်စိလည်နေပြီ။ ထို့ကြောင့် အင်တာနက်က ဂူဂဲလ်မြေပုံကို ထုတ်သုံးရင်း ပဋ္ဌာန်းဓမ္မာရုံနှင့် စဥ့်အိုးဖိုတိုက် ဘုန်းကြီးကျောင်းကို လိုက်ရှာနေရသည်။ ကိုယ့်အဖြစ်ကို တွေးရင်း ရယ်ချင် နေမိသည်။

အမှန်တော့ အိမ်ရောက်ခါနီးမှ ခေတ္တ မျက်စိလည်နေခြင်းဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

၏။ ကျွန်တော်ငယ်ငယ်က သိခဲ့သည့် စင်တင်တီးဝိုင်းအဆောက်အအုံ အဟောင်းကြီး(မေမေတို့ခေတ်က မြို့မရုပ်ရှင်ရုံဟောင်း)နေရာတွင် အဆင့် မြင့် ရုပ်ရှင်ရုံကြီးတစ်ခုက အစားထိုး နေရာယူလိုက်သောကြောင့်ပင်။ စဉ်းစားရင်း တဖြည်းဖြည်း လမ်းများကို ပြန်မှတ်မိလာသောကြောင့် ခြေရာ များ အထပ်ထပ်ကျန်ရစ်ခဲ့သော ချမ်းအေးရပ်ကွက်ကလေးသို့ တအိအိ ပြန်ဦးတည်လိုက်တော့၏။ ရှေ့သို့တစ်ပြလောက် မောင်းလိုက်သောအခါ လမ်းဘယ်ဘက်ခြမ်းတွင် အဝါရောင်ပဋ္ဌာန်းဓမ္မာရုံကြီးကို တွေ့ရသည်။ ပဋ္ဌာန်း ဓမ္မာရုံကြီးသည် အဝါခြောက်ရောင် ရိုးရိုးအဆောက်အအုံသက်သက် မဟုတ် တော့ဘဲ ပြာသာဒ်အမိုးအချွန်အတက်များဖြင့် ခမ်းနားနေသည်။ ဓမ္မာရုံနံရံများ တွင် နတ်သားအရုပ်ပုံများ ရေးခြယ်ထားပြီး ဆေးပြန်သုတ်ထားသောကြောင့် ယခင်ထက် သစ်လွင်လှပနေ၏။ ဓမ္မာရုံကြီးကို မြင်လိုက်သောအခါမှ ခက်ခဲ နေသည့် ပုစ္ဆာ၏အဖြေကို တွေ့သွားသည့်နှယ် ကျွန်တော်ပျော်သွား၏။ ဓမ္မာရုံ ကိုတွေ့တွေ့ချင်း လမ်းဘယ်ဘက်ခြမ်းသို့ ချိုးကွေ့လိုက်ချိန် ဓမ္မာရုံနောက်ကျော ကပ်လျက်က ဒေါ်သင်းကြိုင် အကြော်ဆိုင်ကလေးကို ပိတ်လျက်သား တွေ့ရ သည်။ အာလူးနှင့်အတူတူ ညနေတိုင်း အကြေကြော်ဖြစ်ဖြစ်၊ ပဲကပ်ကြော် ဖြစ်ဖြစ် လာဝယ်နေကျ ဆိုင်ကလေး။

ကားကို အနည်းငယ်ဆက်မောင်းလာသောအခါ ကျွန်တော်တို့ ရပ်ကွက်ထဲသို့ဝင်မည့် လမ်းထိပ်သို့ရောက်၏။ လမ်းထိပ်ရောက်ရောက်ချင်း ညာဘက်သို့ဖဲ့ဆင်း၍ အေးဆေးစွာ ဆက်မောင်းလာခဲ့တော့သည်။ ကုန်စုံဆိုင် နံဘေးက တန်းလျားခုံတန်းရှည်ပေါ်တွင် ဆယ်ကျော်သက်အရွယ် ကောင်လေး သုံးယောက်က ဂစ်တာကို တဒေါင်ဒေါင် တဒင်ဒင် ခေါက်နေကြသည်။ ကျွန်တော် မသိသည့် ကောင်ကလေးတွေ။ နောက် အပြာရောင် စကပ်တို၊ ကုတ်အကျီ ယူနီဖောင်းကလေးများ ဝတ်ထားသည့် မိန်းကလေးနှစ်ဦး။ ထမင်းချိုင့်ကလေး များ ကိုယ်စီဆွဲရင်း ရပ်ကွက်ထဲသို့ လျှောက်ဝင်သွားနေကြသည်။ အလုပ်က ပြန်လာကြပုံပါပဲ။ ထိုမိန်းကလေးနှစ်ဦးဘေးမှ ကားကိုကျော်မောင်းလာရင်း နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်လိုက်၏။ ထိုမျက်နှာလေးများကိုလည်း ကျွန်တော် မရင်းနှီးလှ။ သေချာသည်က နောက်ပေါက်သည့် ကလေးတွေပင်။

mgyoe.com

mgyoe.com SAMPLE BOOK

ရပ်ကွက်ထဲသို့ အတော်လှမ်းကာဝင်ပြီးလျှင် ကုန်းဆင်းလေးတစ်ခုကို လျှောဆင်းမောင်းရသည်။ ငယ်ငယ်က ကလေးအရပ်လေးနှင့် အောက်ချိုင်းထဲမှ ကုန်းပေါ်သို့တက်လျှင်ပင် အတော်မြင့်သည်ဟု ထင်ခဲ့ဖူးသလို၊ ကုန်းပေါ်မှ အောက်ချိုင်းထဲသို့ ပြေးဆင်းလျှင်လည်း အတော်နက်၍ ထိန်းဆင်းရသည်ဟု ထင်ခဲ့ဖူးသည်။ အမှန်မှာ ကုန်းဆင်းလေးသည် ခပ်နက်နက် မဟုတ်သလို၊ ခပ်ပြေပြေလည်း မမည်ပေ။

အောက်ချိုင်းနှင့်ကုန်းပေါ်တွင် လူနေအိမ်များ တသီးတခြားနေကြသော်လည်း ရပ်ရေးရွာရေးရှိသည်ဆိုလျှင် ကုန်းပေါ်အောက်ချိုင်းမခွဲခြားဘဲ စည်းလုံးညီညွတ် ရိုင်းပင်းကြသည့် ရပ်ကွက်ကလေးဖြစ်ကြောင်းကိုတော့ ကျွန်တော် ကောင်းကောင်းကြီးသိ၏။ ယခုဆိုလျှင် ဟိုနယ်ကပြောင်းလာ၊ သည်နယ်က ပြောင်းလာကြသော လူစိမ်းများကြောင့် လူဦးရေ ပိုမိုတိုးလာပြီဖြစ်သကဲ့သို့ လူနေအိမ်ခြေများလည်း တိုးလာပြီဖြစ်သည်။ သေချာသည်က လူနေမှုစရိုက်များလည်း ပေါင်းစုံဖြစ်နေပါလိမ့်မည်။

ကျွန်တော်ငယ်ငယ်က အေးချမ်းပျော်ရွှင်ခဲ့ဖူးသော ချမ်းအေးရပ်ကွက်လေးသည် နေမြဲတိုင်း ချမ်းအေးနေပါသလား။

ကုန်းဆင်းလေးက မောင်းဆင်းလာပြီး လမ်းဘယ်ဘက်ရှိ နှစ်လမ်းမြောက် လမ်းသွယ်သည် အဘွား၏အိမ် သို့မဟုတ် ကျွန်တော့်အိမ်ရှိသော လမ်းကလေးပင်။ ကျွန်တော်၊ ငကျော်၊ အာလူးနှင့် သူ. . . ပြေးနင်းနေကျ မြေသားလမ်းကလေးသည် ယခု အမှိုက်မရှိဘဲ ရှင်းလင်းသပ်ရပ်နေသည့် ကွန်ကရစ်လမ်းလေးဖြစ်နှင့်ပြီ။ ဘယ်ဘက်သို့ဖဲ့ကာ လမ်းပေါ်တက်သည့်အခါ ရေမြောင်းကလေးကို ဖြတ်မောင်းရသည်။ တစ်အိမ်၊ နှစ်အိမ်. . . သုံးအိမ်မြောက်သည် ကျွန်တော့်ဒုတိယရင်ခွင် အိမ်ကလေးပင်။ ရောက်ချေပြီ။

အုတ်ဖိနပ်ခုံ၊ ပျဉ်ထောင်၊ သက်ကယ်မိုး နှစ်ထပ်အိမ်လေးအစား၊ ခရမ်းရောင် နှစ်ထပ်တိုက်ကလေးအဖြစ် ပြောင်းလဲသွားသည်ကလွဲ၍ မစိမ်းရက်ခဲ့သော အသိုက်မြုံလေးဖြစ်ဆဲပင်။ ကျွန်တော် ကားရပ်လိုက်သည်နှင့် အိမ်ထဲမှ အာလူးက အူလျားဖားလျား ပြေးထွက်လာသည်။ ခြံတံခါးကို နံဘေးသို့တွန်းဆွဲကာ ဖွင့်သည်။ အိမ်မကြီးနှင့် ခြံတံခါးကြားတွင် မြေနေရာလွတ်

mgyoe.com

mgyoe.com SAMPLE BOOK

အနည်းငယ်သာရှိသည်။ ခြံထဲတွင် ကားရပ်ရန် နေရာမလွတ်လပ်သောကြောင့် လမ်းမပေါ်တွင်သာ ရပ်ထားလိုက်တော့သည်။

"အညာစင်ရော် ဝူရီအိုပါး" (မင်္ဂလာပါ ငါတို့အစ်ကိုရေဟု ကိုရီးယားဘာသာ အဓိပ္ပာယ်အား အသံထွက်မှားပြောသည်)

ကျွန်တော်ကားပေါ်က ဆင်းဆင်းချင်း အာလူးက ပြုံးရယ်ရင်း၊ ကိုးရီးယားစကားအလွဲကြီးဖြင့် နှုတ်ဆက်သည်။ "အာညော်ဟာဆယ်ယိုဝူရီအိုပါးလို့ ပြောရတယ် အာလူးမရဲ့ ညည်းကလေ တတ်ယောင်ကား လုပ်တဲ့ အကျင့်က ပျောက်ကို မပျောက်ဘူး "

ဗီဒီယိုကောလ်ဖြင့် ဖုန်းပြောတိုင်းမြင်နေကျ အာလူးသည် အပြင်တွင် ထင်သလောက် ဝမနေဘဲ ကြည့်ကောင်းရုံ ပြည့်ပြည့်လေးဖြစ်နေ၏။ နဂိုညိုသည့် အသားအရေသည် စိုစိုကလေးဖြစ်ပြီး သူသည်ပင် အသက်သုံးဆယ်နားကပ်နေပြီဖြစ်၍ အပျိုကြီးစာရင်း ဝင်တော့မည်။

"ဟီးဟီး ကိုကို ပြောသလိုပဲဗျာ၊ ငါက ကိုကို့လို ကိုးရီးယားမှာ နေခဲ့ဖူးတာမှ မဟုတ်တာ"

အာလူးက ဇက်ကလေးပု လျှာကလေးထုတ်ရင်း ပြန်ချေပ၏။

"ညည်းကိုးရီးယားဒရာမာစီးရီးတွေ နေ့မအိပ်ညမအိပ်ကြည့်နေတာပဲ မှန်အောင်တော့ ပြောတတ်ရမှာပေါ့"

"သူတို့ပြောသလို ပြောတာပဲလေ။ ထားပါတော့၊ ဒါနဲ့ကိုကို လမ်းတွေ မှတ်မိသားပဲ ဘယ်ဆိုးလို့လဲ"

"ငါက မမှတ်မိစရာလားဟ"

ပဌာန်းဓမ္မာရုံကို မတွေ့သောကြောင့် ဂူဂဲလ်မြေပုံသုံးလိုက်ရကြောင်းကိုတော့ မပြောဖြစ်ဘဲ အရှက်ပြေ ထိမ်ချန်လိုက်၏။

"မသိပါဘူး ဒီကို ပြန်မရောက်တာ ဆယ်နှစ်တောင်ရှိတော့မယ်ဆိုတော့ မေ့များသွားပြီ၊ မျက်စိများလည်သွားပြီလားလို့ ဟိဟိ"

စပ်ဖြီးဖြီးလုပ်နေသော အာလူးကို ကျွန်တော် ပြုံးရုံပြုံးပြလိုက်ရင်း ကားနောက်ဖုံးထဲက လက်ဆောင်ထုပ်များကို ထုတ်ယူနေလိုက်သည်။ မြို့ကလေးနှင့်အတူ ချန်ထားခဲ့ရသောလူများ၊ အမှတ်တရများကို ဘယ်လို

mgyoe.com

mgyoe.com SAMPLE BOOK

မိုက်မဲမှုမျိုးဖြင့် ကျွန်တော်မေ့မည်မဟုတ်။ ဘာကြောင့်ဆိုသည့် အကြောင်းပြချက်ကိုတော့ ထုတ်ပြောဖို့ မလိုအပ်ဘူး မဟုတ်ပါလား။

ကျွန်တော်ထုတ်လိုက်သော အထုပ်များကို အာလူးက ကူသယ်ပေးရှာ၏။

"ငါ့သားလေး ရောက်လာပြီပဲ။ စောစောက တီမေနောက်ဖေးထဲ ခဏဝင်နေလို့ မသိလိုက်ဘူး။ လာလာ အိမ်ထဲမှာ အဘွားဝိတ်စောင့်နေတယ်"

တီမေက အာလူးနောက်ကနေ ရောက်ချလာသည်။ တီမေဆိုသည်မှာ သူ့နာမည်အရင်း မဟုတ်သလို၊ နာမည်ထဲတွင်လည်း မေ ဟူသည့် စကားလုံးတစ်လုံးမျှ မပါ။ တီမေ့နာမည်က ဒေါ်ယုယခိုင်ဖြစ်၏။ ရပ်ကွက်ထဲရှိ လူများကတော့ မခိုင်ဟုခေါ်ကြပြီး ကျွန်တော်နှင့် အာလူးကတော့ တီမေဟုပဲ ခေါ်ကြသည်။ တီမေသည် ကျွန်တော့်မေမေနှင့် အာလူးမေမေတို့၏ ညီမအငယ်ဆုံးဖြစ်၏။ တီမေ့ကို ကျွန်တော်လေးနှစ်အရွယ်က စသိခဲ့ရသည်။ ထိုအချိန်က အသက်၂၀ အရွယ် အန်တီငယ်ချောချောလေးအဖြစ် အမှတ်ပေးခဲ့ဖူးသည်။ ယခုလည်း အမှတ်ပေးမိဆဲ။ အသက် လေးဆယ့်ငါးနှစ် ဆိုသည်မှာ လူလတ်ပိုင်းစွန်းစအရွယ်ပင် ရှိသေးသည်။

တီမေသည် ယခင်ကထက် ခန္ဓာကိုယ် အနည်းငယ်ပြည့်လာသည်ကလွဲ၍ ပိုမိုတည်ကြည်ကာ ကျက်သရေရှိရှိ လှနေပါသည်။ တီမေ့အပြုံးကို မြင်ရသည့်အခိုက် လူတစ်ယောက်ကို ဖျတ်ခနဲသတိရသွားသည်။ ထိုသူမှာ မည်သူမှမဟုတ် ဦးသော်ပင်။ ကျွန်တော်နှင့် အာလူးတို့၏ အချစ်တော်ဖြစ်ခဲ့ရသည့် ဦးသော်ကို သတိရလိုက်ခြင်း ဖြစ်၏။ သည်မြို့ကလေးသို့ မလာခင် နှစ်ပတ်ခန့်က ဦးသန့်သော်ဦးနှင့် ရန်ကုန်တွင်ဆုံဖြစ်သည့်အကြောင်း တီမေ့ကိုပြောလျှင် ကောင်းမည်လား။ မပြောလျှင် ကောင်းမည်လားဟု ကျွန်တော် တွေဝေနေ၏။ မပြောဘဲထားလိုက်လျှင် တီမေ့အပြုံးတွေကို မြင်မြဲအတိုင်း ဆက်မြင်နေရမည်ဟုတွေးပြီး နှုတ်ဆိတ်လိုက်သည်။ ဦးသော်ကို တီမေ မေ့နိုင်နေပြီလား၊ မမေ့နိုင်သေးဘူးလားဆိုသည့် အဖြေကိုတော့ တီမေကလွဲ၍ မည်သူမျှ သိမည်မဟုတ်။

"တီမေ့ကို သား အရမ်းသတိရတာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တီမေ့ကို သိုင်းဖက်ရင်း ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။ တီမေက ကျွန်တော့်ကိုမော့ကြည့်ပြီး မျက်စောင်းထိုး၏။

"တစ်နှစ်တစ်ခေါက်တောင် အိမ်ပြန်မလာဘဲ ပြေးသွားခဲ့တာ ဘယ်သူတုန်း၊ ဒီလိုပိုက်ဆံလေး ပုံမှန်ပို့ပေးနိုင်ရင် တာဝန်ကျေသွားပြီလို့ ထင်နေတဲ့ အယူလွဲ ငမိုက်လေး"

တီမေ့စကားနာထိုးမှုကြောင့် ကျွန်တော် ဝမ်းနည်းသွားသည်။ ဟုတ်တော့လည်းဟုတ်၏။ သည်နှစ်တွေအတွင်း ကျွန်တော်အိမ်ပြန်လာရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။ စိတ်ကအဆင်ပြေသည် မပြေသည်ထက် ပြန်လာဖို့ရန်ကို ကြောက်နေခဲ့ရသည်။ ကျွန်တော်အိမ်က ထွက်ပြေးပြီး ရန်ကုန်တွင် သုံးလေးငါးနှစ် အဆင်မပြေနေချိန်တွေတုန်းကတော့ တီမေနှင့် အဘွားဆီ ပြန်လာချင်လိုက်သည်မှာ သေမတတ်ပင်။ နောက်ပိုင်း လုပ်ငန်းလေး လမ်းတန်းသွားမှ တီမေတို့ဆီ ပြန်ဆက်သွယ်ပြီး စာပို့လိုက်၊ ငွေပို့လိုက်နှင့်ပဲ အိမ်၏အဝေးတွင် ဘဝကိုထိန်းကျောင်း ဖြတ်သန်းနေခဲ့ရသည်။

"အခု ပြန်လာပြီပဲ တီမေရယ်၊ စိတ်မဆိုးနဲ့တော့နော်"

"ငယ်ငယ်တုန်းကလိုဆို သေအောင်ရိုက်ပစ်ပြီ"

တီမေကပြုံးစစနှင့် ခြိမ်းခြောက်ချိန်တွင် ကျွန်တော် ရယ်လိုက်မိသည်။ တီမေငယ်ငယ်တုန်းကဆိုလျှင် အပျိုလေးဆိုသည့် ဂုဏ်လေးနှင့်မလိုက်၊ လှနေသည့် ရုပ်ကလေးနှင့်မလိုက် ကပ်စေးနဲ၊ အပြောကြမ်း၊ စွာတေးလန်ပြီး စိတ်မြန်လက်မြန်ခဲ့သူဖြစ်၏။ ယခုအချိန်ထိ တီမေအပျိုကြီးဖြစ်သည်မှာမဆန်းဟုတွေးရင်း ကျွန်တော်ပြုံးမိပြန်သည်။ ကျွန်တော့်ဘဝတွင် အကြောက်ဆုံး၊ အမုန်းဆုံးနှင့် အချစ်ဆုံးလူကို လက်ညှိုးထိုးပြပါဆိုလျှင် တီမေပဲဖြစ်မည်။ တီမေ့လက်ဝါးစာများ၊ တီမေ့တုတ်စာများ အီစိမ့်နေအောင် စားခဲ့ရသည့်ကာလများကို ပြန်တွေးကြည့်လျှင် အိပ်မက်ဆိုးတမျှပင်။ တီမေ အော်ဟစ်ဆူငေါက်ခဲ့ချိန်တိုင်း သူ့ကို မုန်းရသည်။ တီမေ ငိုနေခဲ့ချိန်တိုင်း သူ့ကို သနားရသည်။ တီမေ ကျွန်တော့်ကို ပြန်ချော့ခဲ့သည့်အချိန်တိုင်း၊ ဂရုစိုက်ပေးခဲ့ချိန်တိုင်းတွင် သူ့ကိုချစ်ရပြန်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်လက်တစ်ဖက်က တီမေ့ပခုံးလေးကိုဖက်၍တစ်ဖက်က လက်ဆောင်အထုပ်များကိုဆွဲကာ တူဝရီးသုံးယောက်သား အိမ်ထဲသို့ဝင်လာကြသည်။ ခြံအဝသံပန်းတံခါးမကြီးမှ လျှောက်ဝင်လိုက်သည်နှင့် ကျွန်တော့်စိတ်အလုံးစုံသည် အေးချမ်းသွားသည်။ အိမ်မကြီးအဝင်ပေါက်သို့ လျှောက်သောလမ်းဘေးတစ်ဖက်တစ်ချက်တွင် အပွင့်များ အိပ်နေကြသေးသည့် တီမေ့လက်ရာ မောနင်းဖလားဝါးပင်များကို မီးရောင်အောက်တွင် အစီအရီ တွေ့လိုက်ရသည်။

"မနက်ကျမှ ပန်းတွေ ကောင်းကောင်းမြင်ရမှာ"

ဇွန်ပန်းရုံ၊ စံပယ်ရုံ၊ ငွေပန်းပင်၊ နှင်းဆီပင်၊ ဂမုန်းပင်များလည်း ရှိသေးကြောင်း တီမေက ကြွားသေး၏။

ဧည့်ခန်းက စက်တီခုံပေါ်တွင် အဘွားက ထိုင်စောင့်နေသည်။ အဘွားက ကျွန်တော့်ကိုမြင်သည်နှင့် အဝေးကပင် သူ့မျက်ပေါက်ကျဉ်းကျဉ်းကလေးများပိတ်အောင် ရယ်ရင်း လက်နှစ်ဖက်ကို ဆန့်တန်းကာ ဆီးကြိုသည်။ အဘွားသည် ယခင်အတိုင်း ဖြူဖြူပိန်ပိန်သေးသေးလေးပင်။ ကျွန်တော်အိမ်က ထွက်လာချိန် အဘွားအသက်မှာ ခြောက်ဆယ်ကျော်သာ ရှိသေးသည်။ ယခု ခုနှစ်ဆယ်ကျော်ပြီ။ လွန်ခဲ့သည့်သုံးနှစ် ကျွန်တော် ကိုရီးယားရောက်နေချိန်က အဘွားလေဖြတ်သွားသောကြောင့် လမ်းကောင်းကောင်း မလျှောက်နိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ယခင်လို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပေ။

ကျွန်တော် အဘွားနံဘေးတွင် ဝင်ထိုင်ပြီး အဘွားကို အလိုက်တသင့်ဖက်လိုက်သည်။ ကိုယ်ကိုခွာလိုက်ပြီး အဘွားနှင့် မျက်နှာချင်းဆိုင်လိုက်မိသောအချိန်တွင် အဘွားက ငိုနှင့်နေသည်။ မျက်ရည်များကို လက်ခုံဖြင့်တို့သုတ်နေ၏။

"သားစိတ်မကောင်းအောင် အဘွားက ဘာလို့ငိုနေတာလဲ"

အဘွားက ကျွန်တော့်အမေးကို ပြန်မဖြေဘဲ ငိုရင်းခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

"သူ့မြေးပြန်လာမယ်ဆိုတာ ကြားပြီးကတည်းက ပျော်နေတာ။ မင်းအဘွားက ပျော်လို့ ငိုနေတာ ငိုပါစေ"

တီမေ့စကားဆုံးတော့မှ အဘွားက ကျွန်တော့်ကို စကားတစ်ခွန်းထပြောသည်။ စကားလုံးတွေက ဗလုံးဗထွေးဖြင့် သိပ်မပီသသော်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် နားလည်လိုက်ပါ၏။

"အပြီးပြန်လာတာမလား၊ ဘယ်မှ ထပ်မသွားရဘူးနော်" ဟု အဓိပ္ပာယ်ရပါသည်။ ကျွန်တော် ငြိမ်နေလိုက်ပါ၏။ တစ်ပတ်လောက်နေပြီးလျှင် ပြန်မည်ဟုများ ပြောလိုက်လျှင် အဘွားငိုချင်း ထပ်ရှည်သွားပေလိမ့်မည်။

❑

အသစ်ဆောက်ထားသော အိမ်သည်ကျယ်၏။ အောက်ထပ်တွင် ဧည့်ခန်း၊ မီးဖိုခန်းနှင့် ထမင်းစားခန်းအပြင်၊ အိပ်ခန်း နှစ်ခန်းနှင့် စတိုခန်း တစ်ခန်း ဖွဲ့ထားသည်။ အပေါ်ထပ်တွင် ဘုရားခန်းတစ်ခန်းနှင့် အိပ်ခန်း နှစ်ခန်းရှိသည်။ အပေါ်ထပ်ကို အာလူးပဲ သုံးသည်။ တီမေနှင့်အဘွားက အောက်ထပ်မှာပဲ နေကြသည်။ တီမေက ဘုရားရှိခိုးချိန်မှသာ အိမ်ပေါ်သို့ တက်လေ့ရှိကြောင်း ပြောသည်။ အောက်ထပ်တွင် အဘွားဘုရားရှိခိုးနိုင်ရန် ဧည့်ခန်းထောင့်က စားပွဲပေါ်၌ ဘုရားဆင်းတုတစ်ဆူ၊ ပန်းအိုးနှင့်လှူဖွယ် အချို့ တင်ပေးထားသည်ကို တွေ့ရသည်။

"တီမေတို့ ထမင်းဝိုင်းပြင်ထားနှင့်မယ် သားခဏနားပြီး ရေချိုးလိုက်။ အာလူး သွား. . . ကိုကို့ကို အခန်းလိုက်ပြလိုက်ဦး"

တီမေနှင့် အာလူးက ကျွန်တော်နေရမည့်အခန်းကို အပေါ်ထပ်မှာပင် သေချာပြင်ဆင်ပေးထားပါသည်။ ကျွန်တော်နှင့် အာလူးအပေါ်ထပ်သို့ တက်လာကြ၏။ အာလူးကပဲ ကျွန်တော့်အဝတ်အစားထုပ်များကို အခန်းထဲတွင် နေရာချထားလိုက်သည်။ အာလူးထွက်သွားတော့မှ ခဏနားပြီး ရေမိုးချိုး၏။ ညစာကို မိသားစု စုံစုံလင်လင် ဝိုင်းဖွဲ့စားသောက်ရကြသောကြောင့် ကြည်နူးမှု တစ်ဖန်ပြန်ရသည်။ ငါးမြင်းကို မရမ်းသီးနှင့်ချက်ထားပြီး ဘူးသီးဟင်းချို ချက်ထားသည်။ အမဲသားကို ကျွန်တော့်အကြိုက် ပြုတ်နှပ်လုပ်ပေးထားသည်။ ငရုတ်သီးကို ကြက်သွန်ဖြူ ဆား ကလေးနှင့် မွှေးနေအောင်ထောင်းထားသည်။ အရွက်ကြော်နှင့် အခြားတို့မြုပ်စရာ အရံဟင်းများလည်း ပါသေးသည်။

"ကိုကို ဝအောင်စား၊ ဒါ ငါ့လက်ရာတွေချည်းပဲ"

"လျှောက်မပြောနဲ့ ဒါ တီမေ့လက်ရာ၊ တီမေ့လက်ရာကို ငါအတိတ်မေ့သွားတောင် မမေ့ဘူး"

mgyoe.com

mgyoe.com
SAMPLE BOOK

"အာ ကိုကိုကလည်း တီမေက သူ့ဟင်းချက်အမွေတွေ ငါ့ကိုပေးထားတာ ကိုကို မသိဘူးလား။ တီမေက ဟိုဟာထည့် ဒီဟာထည့်ညွှန်ပေးရုံပဲ ငါက အကုန်ချက်နေတာ"

"ဟုတ်လား တီမေ"

"ဟုတ်သပေါ့ရှင် ဟုတ်သပေါ့"

"တီမေ့လက်ရာနဲ့ တစ်ထေရာတည်း တူတယ်ဗျ။ အမလေး ဒါဆို ငါတို့အာလူးမက တော်လာတာပေါ့"

ထမင်းလည်းစားရင်း မောင်နှမနှစ်ယောက်သား လေတွေပေါ်နေသည်ကို အဘွားနှင့် တီမေက ပြုံးရင်း ကြည့်နေတော့သည်။

ကျွန်တော် ထမင်းနှစ်ပန်းကန် စားလိုက်၏။ ထမင်းစားပြီးသော အခါ ရန်ကုန်ကဝယ်လာသည့် အိမ်အတွက် မုန့်လက်ဆောင်ထုပ်များကို သပ်သပ်ခွဲချန်ထားပြီး ကျန်မုန့်ထုပ်အချို့ကိုဆွဲ၍ အာလူးနှင့်အတူ မောင်နှမနှစ်ယောက်သား ရပ်ကွက်ထဲသို့ လျှောက်လာကြသည်။ ကျွန်တော်တို့အိမ်ရှေ့ တည့်တည့်က ငကျော်တို့အိမ်သို့ အရင်ဝင်ရသည်။ ငကျော်က အခြားနယ်သို့ ရောက်နေ၍ အိမ်တွင် မရှိသော်လည်း ငကျော့်အဖေနှင့်အမေကို တွေ့ရသည်။

"အာလူးရေ ဧည့်သည်ပါလာတာလား၊ လာလာ"

ငကျော့်အမေ ဒေါ်ဒေါ်ညွန့်က ကျွန်တော်တို့နှစ်ယောက်ကို တံခါးလာဖွင့်ပေးရင်း ခရီးဦးကြိုသည်။ ကျွန်တော်တို့က အထဲမဝင်သေးဘဲ တံခါးပေါက်ဝတွင်သာ ရပ်နေလိုက်သည်။

"ဟုတ်ပေါ့ ဒေါ်ဒေါ်ရေ ဒီမှာလေ သေချာကြည့်ဦး ဘယ်သူလဲ ကြည့်ဦး"

အာလူးကပြောလည်း ငပြောပင်။ ဒေါ်ဒေါ်ညွန့်က ဟဲ့ ဘယ်သူတုန်းဆိုတာချည်းပဲ ထပ်ထပ်မေးကာ မမှတ်မိဘဲရှိနေ၏။

ကျွန်တော်က ဘာမှမပြောသေးဘဲ ရပ်ကြည့်နေရာက မနေနိုင်ဘဲ ဝင်ပြောလိုက်ရတော့သည်။

"သား မင်းဆက်လေ ဒေါ်ဒေါ်ညွန့်ရဲ့ ကိုယ့်သားကို မမှတ်မိတော့ဘူးလား"

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါမှ ဒေါ်ဒေါ်ညွန့်က ကျွန်တော့်လက်မောင်းကြီးကို လာကိုင်ပြီး စကားတွေ စပြောတော့သည်။

"မင်းမလည်း အဆက်အသွယ်မလုပ်နဲ့ နေနိုင်တယ်နော်။ ဒေါ်ဒေါ်တို့က မင်းအကြောင်းတွေ မခိုင်ကို အမြဲမေးပါ့၊ အောက်မေ့ပါ့တော်"

အစက ဘာသိဘာသာအိမ်ထဲတွင် ထိုင်နေသည့် ဦးခင်မောင်ကလည်း ဒေါ်ဒေါ်ညွန့်၏ အားပါးတရ နှုတ်ဆက်သံကြောင့် ထလာသည်။ သူလည်း ဝမ်းသာအားရနှင့် ကျွန်တော့်အနား ရောက်ချလာပါသည်။

"မေင်းဆက်များလားလို့ ငါထင်တော့ထင်သား ငါ့တူက ပိုချောလာတော့ ဘယ်မှတ်မိမတုန်း မတွေ့ရတာပဲ ဘယ်နှနှစ်ရှိပြီးတုန်း မင်းဆက်ရ"

ဤသို့ဖြင့် ပဋိသန္ဓာရစကားများအပြင် ငကျော့်အကြောင်းများလည်း ပြောဖြစ်ကြ၏။ ငကျော်ကတော့ သစ်တောအရာရှိဖြစ်နေပြီး နယ်တွင်တာဝန်ကျနေကြောင်း၊ ရုံးပိတ်ရက်ရှည်များမှသာ အိမ်သို့ ပြန်လာဖြစ်ကြောင်း သိရသည်။

"ငကျော်နဲ့ မေင်းဆက် ဒီမျောက်နှစ်ကောင်ကို မခိုင်နဲ့ ဒေါ်ဒေါ်တုတ်တစ်ချောင်းစီနဲ့ လိုက်ထိန်းခဲ့ရတာ မနေ့တစ်နေ့ကလိုပါပဲအေ။ အခုကျလူကြီးပုံစံကြီးနဲ့ ပြန်ပေါ်လာသတဲ့။ အေးလေ ဒေါ်ဒေါ်တို့လည်း အသက်ရနေပြီကိုး"

ဒေါ်ဒေါ်ညွန့်တို့အိမ်အတွက် လက်ဆောင်မုန့်ထုပ်ပေးခဲ့ပြီး ပြန်ထွက်လာချိန်တွင် ညခုနစ်နာရီခွဲပြီ။ နောက် ကျွန်တော်တို့အိမ်၏ မျက်စောင်းထိုးက မေလှရီတို့အိမ်သို့ သွားရသည်။ မေလှရီသည် အဘွားနှင့် ရွယ်တူဖြစ်သော်လည်း ကျန်းမာရေးကောင်းမွန်စွာ သွားနိုင်လာနိုင်သေး၏။ ကျွန်တော်တို့ငယ်ငယ်က မေလှရီတို့အိမ်သည် စဥ့်အိုးဖိုလုပ်ငန်းကို အကြီးအကျယ် လုပ်ကြသည်။ ထိုအချိန်က ရပ်ကွက်ထဲရှိ ငွေအင်အား တောင့်တင်းသည့် အိမ်တိုင်းတွင် စဥ့်အိုးဖို လုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ခဲ့ကြ၏။ ယခု ခေတ်ရေစီးကြောင်းအရ ပေါ့ပေါ့သီသီ အလွယ်တကူ သုံးနိုင်သော တရုတ်ထုတ်ကြွေထည်များ ပလတ်စတစ်နှင့် စတီးလ်အသုံးအဆောင် အိုးခွက်ပစ္စည်းများ အစားထိုးနေရာယူလာသောကြောင့် မြန်မာ့လက်မှု စဥ့်အိုးဖိုလုပ်ငန်းကို ရပ်ဆိုင်းလိုက်ကြရ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ မေလှရီတို့အိမ်လည်း ထိုလုပ်ငန်းကို ရပ်ဆိုင်းလိုက်ပြီး ကုန်းပေါ်က တစ်အိမ်စ နှစ်အိမ်စလောက်သာ ထိုလုပ်ငန်းကို ဆက်လုပ်နေကြသေးသည် ဟုသိရသည်။

မေလှရီက ကျွန်တော့်လက်များကို ဆုပ်ကိုင်ရင်း မျက်ရည်လေးဝဲနေရှာသည်။ ဦးမင်းညီလည်း အရက်ကြောင့်ပဲ ဆုံးသွားပြီဖြစ်ကြောင်း အိမ်ကြီးတွင် သူတစ်ယောက်တည်းသာရှိတော့ကြောင်း ပြော၏။ ဦးမင်းညီ ဆုံးသွားပြီကြားသောအခါ စိတ်မကောင်းဖြစ်မိသေးသည်။ ကျွန်တော် မေလှရီကို ကန်တော့ပြီး ပြန်ထွက်လာခဲ့သည်။ ထို့နောက် ကျွန်တော်တို့အိမ်ခေါင်းရင်းက အန်တီညိုတို့အိမ်ဘက်သို့ ဆက်လာခဲ့သည်။ ကျွန်တော်တို့ အိမ်ခြေရင်းဘက်က အိမ်တွင် လူသစ်များရောက်နေကြောင်း သိရသည်။ အိမ်ကလေးသည် ယခင်အတိုင်း အဝါရောင်တစ်ထပ် အုတ်တိုက်လေးအတိုင်းရှိဆဲပင်။ လက်ရှိ အိမ်ရှင်များမှာ လူသစ်များဖြစ်နေသောကြောင့် ကျွန်တော့်အနေဖြင့် မုန့်ထုပ်များ သွားပေး၍ နှုတ်ဆက်ရန် မလိုတော့ပေ။ မဟုတ်လျှင်. . . ”

“မင်းဆက် အရပ်ကြီး ပိုရှည်လာတယ်။ ငါ့တူက ပိုခန့်လာတယ်။ အမလေး လူကြီးကြီးဖြစ်နေပြီ။ တီညိုတို့လေ မခိုင်နဲ့ဆုံတိုင်း သတိရတိုင်း မင်းဆက်အကြောင်း မေးဖြစ် ပြောဖြစ်ကြပါတယ်ကွယ်”

မည်သည့်အိမ်ရောက်ရောက် ထိုစကားများသာ ထပ်နေသည်။ သို့ဖြင့် မုန့်လက်ဆောင်များလိုက်ပေးသည့်ကဏ္ဍ အားလုံးပြီးသွားသောအခါ အာလူးနှင့်ကျွန်တော် အိမ်ပြန်လာခဲ့ကြသည်။

“ကိုကို၊ နင် ရည်းစားတွေ ဘာတွေ ရနေပြီပေါ့နော်”

စကားအဆက်အစပ်မရှိဘဲ မေးလာသည့် အာလူးစကားကြောင့် ရယ်လိုက်ရသေးသည်။

“ဒီအရွယ် အမြီးမပေါက်ဘဲနေတော့မလား မယ်မင်းကြီးမရဲ့ စဉ်းစားလေ”

“ဒါဆို ကိုကို နင်က”

အာလူးက ဆက်မပြောတော့ဘဲ ရပ်လိုက်သည်။ စကားကိုရပ်လိုက်သော်လည်း သူမေးချင်သည့် နောက်ဆက်တွဲမေးခွန်းကို ကျွန်တော်သိ

mgyoe.com

mgyoe.com SAMPLE BOOK

ပါသည်။ သို့သော် ကျွန်တော် နှုတ်ဆိတ်လျက်သာ လမ်းလျှောက်လာခဲ့သည်။ ကျွန်တော်စရောက်ပါပြီ ဆိုကတည်းက တစ်အိမ်လုံးက သူ့အကြောင်းနှင့် ပတ်သက်သမျှ ဘာမှခွန်းဟမပြောကြသလို၊ ကျွန်တော်ကလည်း သူ့အကြောင်း မေးရန်ရှိနေသည်။ တကူးတကန့် မေးရန်လည်း မလိုအပ်ပေ။ အနည်းဆုံးတော့ လူမှုကွန်ယက်မှတစ်ဆင့် သူအေးချမ်းနေကြောင်း၊ ပျော်ရွှင်နေကြောင်း သိနေရသည်ပဲ။ ကျွန်တော့်အတွက် လုံလောက်ပြီ။

အိမ်ပြန်ရောက်ချိန်တွင် ညရှစ်နာရီခွဲပြီ ဖြစ်၏။ အဘွားက ဘုရားဆင်းတုတင်ထားသော စားပွဲရှေ့က ထိုင်ခုံပေါ်တွင် ထိုင်လျက်ပင် ဘုရားရှိခိုး အာရုံပြုနေသည်။ တီမေက ဧည့်ခန်းတွင် စာရင်းတွက်ရင်း အလုပ်ရှုပ်နေသည်။ တီမေနှင့် အာလူးက ဈေးထဲတွင် ကုန်စုံဆိုင် ဖွင့်ထားကြသည်။ တီမေတို့ကုန်စုံဆိုင်ဖွင့်ရန် ကျွန်တော်ကပင် မ,တည်ပေးထားခြင်း ဖြစ်ပါ၏။ ကျွန်တော်နှင့် အာလူး အိမ်ထဲပြန်ဝင်လာချိန်တွင် တီမေက စာရင်းတွက်နေရင်း လှမ်းမော့ကြည့်သည်။

"သားတို့ပြန်လာကြပြီလား ရန်ကုန်ကနေ တောက်လျှောက် ကားမောင်းလာရတာ ပမ်းနေရောပေါ့၊ ဒီည စောစောအိပ်လိုက်ကြားလား"

"ဟုတ် တီမေ"

တီမေ့ကိုနှုတ်ဆက်ပြီး ကျွန်တော်အိပ်ခန်းထဲသို့ ပြန်ဝင်လာသည်။ ရောက်ကတည်းက အသံတိတ်လုပ်၍ အခန်းထဲတွင်ထားခဲ့သော ဖုန်းကိုဖွင့်ကြည့်၏။ စိမ့်ခေါ်ထားသော Missed callများ မနည်းပေ။ ကျွန်တော် အိပ်ရာပေါ်သို့ လှဲချလိုက်ကာ စိမ့်ထံ စာပို့ရန် ပြင်လိုက်သည်။

"ကိုကို အိမ်ကို ညနေစောင်းလောက်က ရောက်တယ်။ တစ်ပတ်လောက်နေရင် ပြန်လာမယ်။ ဒီနေ့ခရီးပမ်းလို့ စောစောအိပ်တော့မယ်၊ မနက်မှ ဖုန်းဆက်မယ်နော်"

စသည်ဖြင့် မှာစရာရှိသည်များကို မှာပြီး စာပို့လိုက်သည်။

"အင်းပါ ကိုကို နားလေနော်။ ဖုန်းမကိုင်လို့ စိမ့်က စိတ်ပူနေတာ၊ အခုတော့ စိတ်အေးရပါပြီ။ အရမ်းချစ်တယ်"

စိမ့်ဘက်မှ စာကိုချက်ခြင်း ပြန်ပို့လာသည်။ ကျွန်တော် သူ့ဆီက

mgyoe.com

mgyoe.com SAMPLE BOOK

စာကိုဖတ်ပြီး ဖုန်းစခရင်ကို ပြန်ပိတ်လိုက်သည်။ ညသည် အေးချမ်းလျက်ရှိသည်။ အိပ်ရာပြောင်းအိပ်လိုက်ရသော်လည်း ကျွန်တော့်မျက်လုံးများကြောင်မနေဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့၏။

❑

"သတေဟိ၊ ပဥ္စမတ္တေဟိ၊ ခီဏာသဝေဟိ ကေဝလံ။

ဘိက္ခူဟိ၊ ဘူပဝံသေဟိ၊ သတ္တာဇိနော ပရိဝုတော၊ သက္ကေ ကပိလဝတ္ထုသ္မိံ၊ ဆာယာရမ္မေ မဟာဝနေ။ သမန္တတော သဟဿေဟိ၊ စက္ကဝါလေဟိ ဒသတိ၊ အာဂမ္မ သန္နိသိန္နာနံ၊ ဒေဝါနံ ယ မဒေသယိ. . . "

တီမေ့ဘုရားရှိခိုးသံပင်။ ကြားရသည်မှာ သာယာကြည်နူးရပါ၏။ နာရီကိုကြည့်မိချိန်တွင် မနက်ငါးနာရီသာ ရှိသေးသည်။ တီမေ မည်သည့်အချိန်ကတည်းက ထပြီး ဘုရားရှိခိုးနေသည်မသိ ကျွန်တော်နိုးလာချိန်တွင် ဘုရားဝတ်ပြုပြီး မဟာသမယသုတ်တော်ကို စတင်ရွတ်ဖတ် သရဇ္ဈာယ်နေပြီဖြစ်၏။ ပြီးလျှင်မေတ္တာပို့ အမျှဝေတော့မည်။ ကျွန်တော် အိပ်ရာပေါ်မှ ထလာပြီး အပေါ့သွား၊ မျက်နှာသစ်သည်။ အားကစားဝတ်စုံ လဲဝတ်လိုက်ပြီး အိမ်အောက်ထက်သို့ ဆင်းလာခဲ့၏။ ဝေါ့ကင်းရှူးကိုစီး၍ ကျွန်တော် ရပ်ကွက်ထဲသို့ ထွက်လာမိသည်။ မနက်အစောကြီးဖြစ်သောကြောင့် ရပ်ကွက်ထဲတွင် ခွေးသုံးလေးကောင်ကို တွေ့ရသည်ကလွဲ၍ လူခြေတိတ်နေသေးသည်။ မြို့ကလေးဆီ ကျွန်တော်ရောက်နေချိန်က တန်ဆောင်မုန်း လဆန်းစရက်များ ဖြစ်သောကြောင့် ဆောင်းရာသီဝင်တော့မည့်အချိန် ဖြစ်သည်။ မနက်ပိုင်းဆိုလျှင် အနည်းငယ် အေးစပြုနေပြီ။ အားကစားဝတ်စုံလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ထားသောကြောင့်သာ တော်သေးသည်။

ရှမ်းကန်သို့ သွား၍ လမ်းလျှောက်မည်ဟု တွေးလိုက်ပြီး ကျွန်တော့်ခြေလှမ်းများကို မြို့ထဲသို့ ဦးတည်လိုက်ပါတော့သည်။ ရပ်ကွက်ထဲက ထွက်လာပြီး ရထားသံလမ်းပေါ် တက်ခဲ့၍ သံလမ်းအတိုင်းလာခဲ့သည်။ ဇလီဖားတုံးများကို ရေတွက်ကြည့်ရင်း တစ်ခုချင်း နင်းဖြတ်လာခဲ့သည်။ တစ်ခါတလေ တစ်တုံးကျော်ခုန်နင်း၍ လျှောက်လာခဲ့သည်။ မြို့မဈေးကြီးဘက်သို့ ရောက်ခါနီးမှ သံလမ်းပေါ်က ဆင်းပြီး ရှမ်းကန်ဘက်သို့ ခွဲထွက်လာလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

တီမေက မနက်စာကို ဈေးထဲရှိနာမည်ကြီး ဦးထွန်းမောင်နန်းကြီးသုပ် ဝယ်ထားပေးမည်ဖြစ်ကြောင်း၊ ကော်ဖီနှပ်ထားပေးမည်ဖြစ်ကြောင်း မနေ့ည ကတည်းက ကျွန်တော့်ကို ကြိုပြောထားပြီးသား ဖြစ်သည်။ တီမေ ဖျော်ပေးသော ကော်ဖီကြမ်းနှပ်ပေးသည့် အရသာကို ငယ်ငယ်ကတည်းက နှစ်ခြိုက်ခဲ့ရသည်။ သွေးပူအောင် လမ်းလျှောက်ပြီး ပြန်လာမှ မနက်စာကို အဝစားရချည်သေးရဲ့ ဟု တွေးလိုက်မိ၏။

ရှမ်းကန်သို့ရောက်ချိန်တွင် ဗိုလ်ချုပ်ကျေးရုပ်နားမှ စတင်ကာ ကျွန်တော် ရှမ်းကန်ကို တစ်ပတ်ပတ်၍ ပြေးလိုက်သည်။ အနည်းငယ်မောလာသောအခါမှ အုတ်ထိုင်ခုံလေးပေါ် တွင် ထိုင်ရင်း အမောဖြေသည်။ နာရီကိုငုံ့ကြည့်မိသော အခါ ခြောက်နာရီခွဲစွန်းစွန်းပဲ ရှိသေးသည်။ ကန်ရေပြင်တွင် ရေခိုးရေငွေ့တို့သမ်း နေသည်။ ဘာရယ်မဟုတ် ထိုအငွေ့များကို ကျွန်တော် ငေးကြည့်နေမိသည်။ နောက် ကန်၏ဟိုဘက်အခြမ်းက ဘုရားကိုးဆူကို လှမ်းကြည့်မိသောအခါ ရောက်တုန်းရောက်ခိုက် ဘုရားတက်ဖူးလိုက်ဦးမည်ဟု တွေးလိုက်ပြီး ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။

ရှမ်းကန်ကြီးကို ဖြတ်တည်ထားသော ကွန်ကရစ်တံတားလေးပေါ် က ကျွန်တော် ဖြတ်လျှောက်လာသည်။ ဖြတ်လျှောက်ရင်း ရေကန်ထဲသို့ မကြာ မကြာငုံ့ကြည့်မိ၏။ ငါးများ ကူးလူး ပွက်ထနေကြသည်။ လိပ်အချို့ကိုလည်း မြင်ရသည်။ ငယ်ငယ်က လိပ်စာ ငါးစာအဖြစ် ပေါက်ပေါက်တွေ ချကျွေးတိုင်း အစာကို ပြိုင်ဟပ်လာကြသော ငါးအုပ်စုများကို သဘောကျခဲ့ဖူးသည့် မိန်းကလေး ငယ်လေး။ ကျွန်တော့်အာရုံထဲ ခွင့်မပြုချင်ဘဲ ပေါ် လာသောကြောင့် ဖျတ်ခနဲ ကျွန်တော်မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်ပစ်လိုက်ရသည်။

သည်တံတားပေါ် ကနေ ကျွန်တော် ခပ်သုတ်သုတ်လျှောက်မှရတော့ မည်။ တံတားကိုလွန်ပြီး သည်ဘက်အခြမ်းရောက်လာချိန်တွင် ကားလမ်းကို ကူးကာ ဘုရားမုခ်ပေါက်သို့ ရောက်လာသည်။ ဝေါ့ကင်းရှူးကို မုခ်ပေါက် လှေကားရင်းတွင် ချွတ်ထားခဲ့ပြီး လှေကားထစ်များကို နင်းတက်လာခဲ့သည်။ မျက်နှာစာရှိ ဘုရားအဆူဆူများကြားက လမ်းကလေးအတိုင်း လျှောက်ဝင်ပြီး ဘုရားဝတ်ပြုလိုက်သည်။ ထို့နောက် ကျွန်တော့်မွေးနံ တနင်္ဂနွေနံထောင့်သို့ သွား

mgyoe.com

mgyoe.com SAMPLE BOOK

၍ ရေသပ္ပာယ်ရန် လျှောက်လာခဲ့သည်။ မွေးနံထောင့်ဘုရားတွင် ကျွန်တော့်ရှေ့၌ ရေသပ္ပာယ်နေသည့် အမျိုးသမီးရှိနှင့်၏။ ကျွန်တော့်အလှည့်ကျရန် သူ့နောက်တွင် လက်ယှက်၍ အသာရပ်စောင့်နေပါသည်။ ထိုအမျိုးသမီး ရေသပ္ပာယ်ပြီး၍ ကျွန်တော့်ကို နေရာပေးရန် နောက်လှည့်လာချိန်တွင်တော့ ကမ္ဘာမြေကြီး တသိမ့်သိမ့်တုန်သွားသည့်အလား ကျွန်တော် လန့်ဖျန့်သွားရပါတော့၏။

ကျွန်တော် သူနှင့်တွေ့ပါစေတော့ဟု ရည်ရွယ်၍ ထွက်လာခဲ့ခြင်း မဟုတ်ပေ။ အကယ်၍များ တွေ့ခဲ့လျှင်လည်း မျက်နှာကို မည်သို့ထားလိုက်ရမည်ကို ကြိုတွေးထားသော်လည်း သည်လိုရုတ်တရက်ကြီး တွေ့ရမည်ဟု မမျှော်လင့်မိခဲ့ပေ။ ကျွန်တော် ဝမ်းသာမိသလို တစ်ပြိုင်နက်တည်း ဝမ်းနည်းစိတ်ကလည်း ဝင်ရောက်လာပါ၏။

မွေးနံထောင့်ဟုခေါ်သော ဘုရားကို ကျွန်တော်မမြင်တော့ပါ။ ဘုရားလာဖူးသူ အနည်းငယ်ရောက်လာသည်ကိုလည်း ကျွန်တော် သတိမရတော့ပါ။ ဘုရားရင်ပြင်ပေါ်တွင် သူနှင့်ကျွန်တော် နှစ်ယောက်တည်းရှိနေသကဲ့သို့ ခံစားချက်သည် နိမ့်လိုက်မြင့်လိုက်နှင့်။ ကျွန်တော့်မျက်စိထဲတွင် သူ့မျက်နှာကိုပဲ ထင်ရှားစွာ မြင်နေရသည်။ ကျွန်တော်တစ်လောကလုံးကို မေ့သွားသည်။ ရန်ကုန်မှာ ကျန်နေခဲ့သည့် စိမ့်သည် ကျွန်တော့်မှတ်ဉာဏ်ထဲက အသက်ရှူသံ တစ်ခုစာလောက် ပျောက်သွားခဲ့ရသည်။

ညာဘက်ပါးပေါ်ရှိ စံပယ်တင်မှည့်ကလေးသည် မပြောင်းမလဲ ထင်းနေ၏။ မနက်ခင်းနုနုတွင် လန်းဆန်းနေသည့် စံပယ်ပွင့်လေးအလား ဖြူစင်နေသည့် အမျိုးသမီးလေး။

တနင်္ဂနွေနံဘုရားတွင် သူမည်သည့်အကြောင်းကြောင့် ရှိနေသနည်း။ သူသည် တနင်္ဂနွေသမီး မဟုတ်ပါ။ လေတိုက်တိုင်း အရှူးထတတ်သည့် ဆင်မလေးဖြစ်၏။ သူနှင့် သူ့မိဘများသည်လည်း ကျွန်တော်နှင့် မွေးနေ့နံ မတူပါ။ ဤသို့ဆိုလျှင် သူနှင့်ပတ်သက်ရစ်ပတ်နေသူက ကျွန်တော်နှင့် မွေးနံတူ၍ပဲလား။ ကျွန်တော် မသိချင်ပါ။ သိအောင်လည်း မကြိုးစားခဲ့သလို သိလည်း မသိသင့်တော့ပါ။

အမှန်ဆိုလျှင်သူသည် အသက်သုံးဆယ်အရွယ် လူလတ်ပိုင်းအမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

သမီးတစ်ယောက်ဟုပင် မထင်ရက်လောက်အောင် နုဖတ်နေသေးသည်။ လူမှုကွန်ရက်တွင် တင်ထားသည့်ပုံတွေထဲကထက်ပင် ပိုနုနယ်နေသေးသည့် သူ. . .။ ကျွန်တော်နောက်ဆုံး နမ်းရှိုက်ခဲ့သော ၁၉ နှစ်အရွယ် ဆယ်ကျော်သက် မလေးပုံစံထက်ပင် ပိုမိုလှသွေးကြွယ်နေသေးသည့် သူ. . .။ ကျွန်တော် သူ့ဖေ့စ်ဘွတ်ခ် ပရိုဖိုင်ထဲသို့ တိတ်တိတ်လေး လာကြည့်လေ့ရှိကြောင်းကို တော့ မည်သည့်အကြောင်းကြောင့်နှင့်မှ သူသိမည် မဟုတ်ပေ။

အချစ်ဦးသည် ကျွန်တော့်ကို ရှောင်ပြီးလည်းမပြေးပါ။ မသိချင် ယောင်လည်း မဆောင်ပါ။ သည်အစား ကျွန်တော့်ကို တည့်တည့်ကြီးသာ ငေးစိုက်ကြည့်နေ၏။

လူတိုင်း၏နှလုံးသားထဲတွင် အခန်းလေးခန်းရှိသည်။ ကျွန်တော်သည် သူ့အား ကျွန်တော့်နှလုံးသားထဲရှိ အခန်းတစ်ခုထဲ၌ အပြီးတိုင် ပိတ်သိမ်း ထားခဲ့သည်မှာ ကြာပါပြီ။ ကျန်သည့် အခန်းသုံးခန်းကို စိမ့်အတွက်သာ တစ် လျှောက်လုံး နေရာပေးခဲ့၏။ လတ်တလော ကျွန်တော် သဘောပေါက်လိုက် သည်က သူတို့နှစ်ယောက်အား ကျွန်တော်နေရာပေးခဲ့ပုံမှာ လက်တွေ့နှင့် ပြောင်းပြန် အချိုးကျနေသလားဟုပင် ထင်မှားမိတော့သည်။

မျှော်လင့်မထားဘဲ ကျွန်တော့်ကိုမြင်စက သူမျက်လုံးအဝိုင်းသားလေး ဖြင့် အံ့သြနေသည်။ ပြီးမှ အိမ်ရှေ့ကိုပြန်ဆယ်ရင်း ကျွန်တော့်ကို နှုတ်ဆက်သည်။ မေးခွန်းတွေ တရစပ်မေးသည်။ ကျွန်တော်မကြားရ။ သူဘာတွေမေး၍ ကျွန်တော် ဘာတွေပြန်ဖြေမိမှန်း မသိပေ။ ကျွန်တော့်ဆီက "ဟင်!" ဆိုသော မေးခွန်းပြန်ထောက်သည့်စကားကို ကြားတိုင်း သူ့ခမျာ ပြုံးရင်း မေးခွန်းများကို ပြန်မေးတတ်သည်။

ကျွန်တော် သူ့မေးခွန်းကို လွတ်သွားချိန်တွင်၊ ဟော. . . သူရယ်နေပြန် ပါသည်။

*"အခုနေချိန်မျာ:xxx ပြန်တွေ့ကြရင် အရင်တုန်းကလိုပဲ ရင်ခုန်ဦး မလား:xxx"*

ကိုယ့်ပါးကို ကိုယ်ပြန်ချပစ်လိုက်ရမည်လား။ ကိုယ့်လျှာကို ကိုယ်ပြန် ကိုက်ပစ်လိုက်ရမည်လား ကျွန်တော်မသိ။ ကျွန်တော်သည် ဆယ်ကျော်သက်

mgyoe.com

mgyoe.com SAMPLE BOOK

အရွယ်ကောင်လေးတစ်ယောက်ကဲ့သို့ ထပ်တူနီးပါး ရင်ခုန်နေမိကြောင်း ဝန်ခံပါ၏။

"သွားစမ်းပါ. . . သောက်ရေးမပါတာ"

မနာကြည်းတတ်ဘဲ၊ မစေခိုင်းပါဘဲ ခုန်နေနိုင်သေးသည့် ရင်အစုံကို ကျွန်တော် ကျိန်ဆဲလိုက်သည်။

"အင်း၊ ခဏ အလည်ပြန်လာတာ"

သည်အဖြေလေးဖြေရဖို့အရေး ကျွန်တော့်အသံတို့ လှိုက်ခါတုန်ရီ နေသည်။ သူမေးသည့် မေးခွန်းလေးဖြေပြီးချိန်တွင် သူ့ဆီမှ မည်သည့်မေးခွန်း ထပ်လာဦးမလဲဟု ခန့်မှန်းရင်း ကျွန်တော့်အောက်နှုတ်ခမ်းအတွင်းသားကို အပေါ်သွားနှင့်ဖိကိုက်ကာ သက်ပြင်းမောများကို ခိုးချလိုက်မိတော့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ပြုံမလိုဖြစ်နေသည့် တိမ်စိုင်တိမ်လိပ် ညိုမည်းမည်းများထက်ဝယ် နဂါးကြီးသုံးကောင် လူးလားခေါက်ပြန် ခုန်လွှား ပျော်ပါးနေကြသည်။ ကြည့်နေကျ တရုတ်သိုင်းကားတွေထဲက ရင်းနှီးနေသည့် နဂါးပုံစံမျိုးများပင်။ သူတို့၏ လှုပ်ရှားပုံမှာ မြန်ဆန်၏။ နဂါးကြီးများမှာ ကြောက်စရာမကောင်းဘဲ လွတ်လပ်ပေါ့ပါးနေကြသည်မှာ ချစ်စရာပင်ကောင်းသေးသည်။ တလူးလူး တလွင့်လွင့်ဖြင့် လှပ၏။ ၎င်းတို့ကို ကျွန်တော် ကြည့်ကောင်းကောင်းဖြင့် အံ့သြမှင်တက်စွာ ငေးနေမိသည်။ ထိုအသက်ရှုမှားလောက်သည့် မြင်ကွင်း ကို ကြည့်ရင်း ကျွန်တော် ဘာရယ်မသိ ကြည်နူးနေမိပါသည်။

ဟုတ်သည်။ ဒါသည် အိပ်မက်ပင်။ တကယ် လက်တွေ့ဘဝတွင် ဘယ်မှာ နဂါးစင်စစ် ရှိမည်နည်း။ နဂါးဆိုတာ ချိုနဲ့လားဟုပင် မေးယူရမည်။ အိပ်မက်ဆိုသည်ကို သိလျက်နှင့် မျက်စိရှေ့တွင် ထင်ထင်လင်းလင်း၊ ကွက်ကွက် ကွင်းကွင်း၊ ကြည်လင်ပြတ်သားစွာ မြင်နေရသည့် နဂါးသုံးကောင်မှာ တကယ့် သက်ရှိနဂါးများကြီးများအလား အသက်ဝင်လှ၏။ အိပ်မက်ဆိုသည်ကို လက် မခံချင်လောက်အောင်ပင် မြင်ရသည်မှာ ရှင်းလင်းနေသည် မဟုတ်ပါလား။ ထင်မှတ်မထားသည့် အဖြစ်အပျက်တစ်ခုကတော့ ကျွန်တော့်ထံသို့ ထိုနဂါး

mgyoe.com

mgyoe.com SAMPLE BOOK

သုံးကောင် ရုတ်တရက် ပြေးဆင်းလာပြီး မီးတောက်များ မှုတ်လိုက်ကြခြင်း ဖြစ်သည်။ မမျှော်လင့်ထားသောကြောင့် ကျွန်တော်လန့်သွား၏။ တစ်ပြိုင် နက်တည်း ကျွန်တော် မျက်လုံးများကို စုံမှိတ်လိုက်သည်။ ရင်ထဲတွင် တဒိုင်း ဒိုင်း ခုန်လှုပ်နေသည်။ သေချာသည်က ကျွန်တော် ပြာကျ သေတော့မည်။ သို့သော် ၄င်းတို့မှုတ်လိုက်သည့် မီးများသည် ထင်ထားသလို ပူလောင်မနေဘဲ စလိုက်မီးရောင်ထိုးလိုက်သကဲ့သို့ အလင်းတန်းများအဖြစ် ဖြာကျလာသည်။ ကျွန်တော်မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ အမှန်တကယ်တော့ နဂါးသုံး ကောင်၏ ခပ်စူးစူးအလင်းတန်းကြီးသုံးခုပင်။ ထိုအလင်းတန်းများက ကျွန်တော့် မျက်နှာကို တိုက်ရိုက်စူးကျလာသဖြင့် မျက်လုံးများကို တစ်ဖန်ပြန်မှိတ်ပစ် လိုက်ရပြန်ပါသည်။

အိပ်မက်ထဲတွင်သာ ကျွန်တော်မျက်လုံးများကို ပြန်မှိတ်လိုက် သော်လည်း လက်တွေ့တွင် ကျွန်တော်မျက်လုံးများပွင့်လာပြီး အိပ်မက်က နိုးထလာခဲ့၏။ ကျွန်တော့်ခုတင်ခြေရင်း ပြတင်းပေါက်မှန်မှတစ်ဆင့် တိုးဝင် လာသည့် နေရောင်စူးစူးကြောင့် နိုးလာရခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။ တီမေသိလျှင် ကျွန်တော့်ကို ဆူဦးမည်။ အနောက်ဘက်သို့ ခေါင်းတော်ပြီး အိပ်ရကောင်းလားဆိုပြီး တဖျစ်တောက် တောက် ပြောတော့မည်။ ကျွန်တော်က တစ်ခုခုစိတ်ရှုပ်လာလျှင် အခန်းထဲရှိ ပစ္စည်းများကို နေရာရွှေ့ချင်ရွှေ့၊ မဟုတ်လျှင် အခန်းထဲတွင် ဟိုရှင်း သည်ရှင်း လုပ်တတ်သည်။ စိတ်များညစ်တူးနေလျှင် တိုက်ခန်းထဲတွင် ကြမ်းပြင်၊ မျက်နှာ ကျက်ပါမကျန် အလုံးစုံ သန့်ရှင်းရေးလုပ်လေ့ရှိသည်။ ခုတင်ကိုလည်း ဟို ရွှေ့ သည်ရွှေ့လုပ်ခြင်းကြောင့် ယခုကဲ့သို့ အရှေ့နောက် တောင်မြောက် မစဉ်းစားဘဲ အဆင်ပြေသလို အိပ်လိုက်သည်မှာ မဆန်းပေ။

မနေ့ညနေက ခုတင်ရွှေ့မှုအကြောင်းပြုပြီး အရှေ့ဘက် မျက်နှာမူ ခြေဆင်း၍ အိပ်မိခဲ့သည်။ ရလဒ်က ယခုလိုအိပ်ရေးပျက်ရခြင်းပင်။ မဟုတ်လျှင် ကျွန်တော်က အလုပ်ပိတ်ရက်တိုင်း ညနက်မှအိပ်ပြီး နောက်တစ်နေ့ နေ့လယ် ဆယ့်နှစ်နာရီကျော်လောက်မှ ထလေ့ရှိသူ။ ထိုအခါမှ မနက်စာနှင့် နေ့လယ်စာကို ပေါင်းစားနေကျဖြစ်၏။ နံရံကပ်နာရီကို ကြည့်မိသောအခါ မနက် ခုနစ်နာရီခွဲသာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသေးသည်။ အစောကြီးရှိသေးသော်လည်း နေလုံးက မည်သူ့အားကိုးနှင့် ကျဲကျဲတောက်အောင် စူးရှနေရသနည်း။ ကျွန်တော့်ကိုယ်ပေါ်က စောင်ကိုခွာ၍ အိပ်ရာမှထပြီး ခုတင်ပေါ်က အသာ ဆင်းလာလိုက်သည်။ ပြတင်းပေါက်က လိုက်ကာစကို ဆွဲပိတ်လိုက်ပြီး ပြန်အိပ်ရန် ကြိုးစားကြည့်သေးသည်။ ပြန်အိပ်မရ။

သည်မနက်တော့ တိုက်ခန်းအောက်ထက်က ပဲပြုတ်သည်အဒေါ်ကြီး၏ အသံစူးစူးကို မကြားရသေးပေ။ ပုံမှန်ဆိုလျှင် မနက် ၇ နာရီတိုင်း ပဲပြုတ်သည်အသံ ကြားရသည်။ မနက် ၉ နာရီ ၁၀ နာရီဆိုလျှင် "ဖုန်းအပျက်တွေ ဝယ်တယ်၊ ဖုန်းအပျက်တွေ ဝယ်တယ်" ဆိုသည့်အသံကြီးစကြားရပြီး မကြာခင် အောင်ဘာလေ ထီသည်ကားမှ ဖွင့်လာသော အလွတ်ရနေသည့် "အောင်ပါစေ" သီချင်းကြီးကို ကြားရစမြဲပင်။

အိပ်ကောင်းနေသည့် အလုပ်ပိတ်ရက်တိုင်း နားဒုက္ခပေးသည့်သူတို့ကြောင့် တစ်ကိုယ်စာကြားရုံ ဒေါသထွက်ကာ ဆဲရေးတိုင်းထွာရမိစမြဲ။ ဆူညံသံများကြောင့် နားကြပ်တပ်ပြီး မနည်းပြန်အိပ်ရပေါင်းများခဲ့ပြီ။ ယခုမူ နဂါးသုံးကောင် အိပ်မက်ကြောင့် နိုးထနေကျအချိန်မဟုတ် အစောကြီး နိုးလာခဲ့ရသည်။ သို့သော် အိပ်ရေးမဝရကောင်းရလားဟု တောက်တခေါက်ခေါက်နှင့် ကျွန်တော် စိတ်တိုမနေမိချေ။ ရေထိပန်းကလေးကဲ့သို့ စိတ်က ကြည်လင်နေသည်။ ထူးဆန်း၏။

အိပ်မက်ဟု ဆိုလိုက်သည့်အခိုက်တိုင်း အိပ်မက်များနှင့်ပတ်သက်၍ ကျွန်တော့်ဘဝတွင် အမှတ်ရစရာများက စီတန်းနေတော့သည်။ ထိုအမှတ်တရများစွာကလည်း ဟိုးအဝေးက နယ်မြို့လေးတွင် အရိပ်များအဖြစ် ကျန်နေခဲ့သည်လေ။

ထိုနယ်မြို့ကလေးသည် ကျွန်တော့်မွေးရပ်မြေ။ ဝါးပိုးမျှစ်ချဉ်ဖြင့် နာမည်ကြီးသည့်မြို့ကလေး။ နန်းစိန်မုန့်တိုက်ရှိသည့် မြို့ကလေး။ ခကွေးနှင့် ရကောက် အသံထွက်မပီသည့် မြို့ကလေး။ စဉ့်အိုး၊ ပန်းအိုး၊ အိုးပုတ်များထွက်သည့် စဉ့်အိုးဖိုတိုက်ရပ်ကွက်လေးရှိသည့် မြို့ကလေး။ ယခင်က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ထဲတွင် ရှိခဲ့ဖူးသော ပျဉ်းမနားမြို့ကလေး

mgyoe.com

mgyoe.com
SAMPLE BOOK
ပင်ဖြစ်သည်။

ရန်ကုန်ရောက်စအချိန် မိတ်ဆွေအသစ်များက ကျွန်တော့်ကို "ဘယ်က ပြောင်းလာတာလဲ" မေးတိုင်း ပျဉ်းမနားကဟုသာ ဖြေတတ်သည်။

"ဒါဆို နေပြည်တော်ကပေါ့" ဟု ၎င်းတို့က စကားပြန်ထောက်တိုင်း ကျွန်တော်ငြင်းခဲ့မိသည်။

"နေပြည်တော်ဆိုတာ ကျွန်တော်ရန်ကုန်ရောက်ပြီးမှ ဖြစ်လာတာပါ ပျဉ်းမနားက ပျဉ်းမနားပါပဲ မတူပါဘူး"

မတိုးပေါက်မှန်းသိသော်လည်း ကျွန်တော် လေကုန်ခံကာ ပြန်ဖြေရှင်းတတ်သည်။ ဟုတ်သည် ကျွန်တော် လှုပ်ရှားသွားလာခဲ့သည့်၊ ပျော်ရွှင်စွာဖြတ်သန်းခဲ့ဖူးသည့် ငယ်ဘဝပုံရိပ်များသည် နေပြည်တော်မြို့ကြီးတွင် မဟုတ်ဘဲ ကျွန်တော်ချစ်သည့် ပျဉ်းမနားနယ်မြို့ကလေးတွင် အတိတ်အဖြစ် လွမ်းမောဖွယ် ပြည့်နှက်ကျန်ရစ်ခဲ့သည်သာ။

ထိုနယ်မြို့ကလေးတွင် ကျွန်တော်ချစ်သည့် အမျိုးသမီးနှစ်ဦး ရှိ၏။ ထိုအမျိုးသမီးနှစ်ဦးနှင့် ကျွန်တော်မက်သည့် အိပ်မက်များက တိုက်ရိုက် စပ်ဆက်နေသည်။ ကျွန်တော့်အိပ်မက်များက ဆင်း(မှန်)သည်ဟု အမြဲဆိုကာ အိပ်မက်ကို နိမိတ်ကောက်ပြီး ထိုင်းထီ နှစ်လုံး၊ သုံးလုံးများ ထိုးတတ်သည့် ထိုအမျိုးသမီးနှစ်ဦး။ လွမ်းသည်။

ကျွန်တော် အချစ်ဆုံး အမျိုးသမီးနှစ်ဦးမှာ အဘွားနှင့် တီမေပင်။ သည်မနက် ကျွန်တော်မက်သည့်အိပ်မက်ကိုသာ ၎င်းတို့ကို ပြောပြလျှင် "နဂါးဆိုတာ ခုနစ်၊ သုံးကောင်ဆိုတော့ သုံး၊ ၇၃ ထိုးရမယ်" ဆို၍ နှစ်လုံးဂဏန်းထိုးရန် နိမိတ်ကောက်ဦးမည်မှာမလွဲ။

ဤသို့ဖြင့် အိပ်မက်တစ်ခုကို အမှီပြုကာ ကျွန်တော့်အတွေးစတို့သည် ငယ်ဘဝလေးဆီ ဝဲလွင့်သွားရပြန်ပါပြီ။

❑

၁၉၉၄ ခုနှစ်သည် ကျွန်တော်အဘွားအိမ်သို့ စရောက်လာခဲ့သည့်နှစ်ဖြစ်သည်။ တီမေနှင့် အဘွားကို ကျွန်တော် လေးနှစ်သားအရွယ်မှာ စသိခွင့်ရခဲ့ပါသည်။ မေမေသည် မုဆိုးမ၊ သားသည်မိခင်အဖြစ် အဘွားတို့ဆီ ပြန်

mgyoe.com

mgyoe.com SAMPLE BOOK

လာခဲ့သောနေ့မှာပဲ တီမေနှင့် ကျွန်တော့်ကို အမျိုးစပ်ပြခဲ့ပါသည်။

တီမေ့ကို တီတီခိုင်ဟု ခေါ်ခိုင်းခဲ့သော်လည်း ကျွန်တော် မခေါ်ခဲ့ပေ။ ကျွန်တော်သည် ငယ်ငယ်က စကားနည်း အနေအေးပြီး လူကြောက်တတ်သူဖြစ်သည်။ ထို့ကြောင့် လူစိမ်းနှင့်တွေ့လျှင် မေမေ့နောက်မှာပဲ ပုန်းကွယ်နေတတ်ပါသည်။ ဖေဖေနှင့် မေမေကိုသာ သိခဲ့ရသော ဘဝကျဉ်းကျဉ်းလေးမှသည် မျက်နှာစိမ်းများဖြစ်သော အဘွားနှင့်အဒေါ်ကို ရင်းနှီးရန် တော်တော်ပင် အချိန်ယူရပါသည်။

"ဟိုး . . . ပျဉ်းမနားမြို့လေးမှာ သားရဲ့ဘွားဘွားလည်းရှိသလို၊ တီတီလေး နှစ်ယောက်လည်း ရှိသေးတယ်။ နောက်ဆို ဘွားဘွားတို့ဆီ သွားလည်ကြမယ်နော်"

ညအိပ်ရာဝင်ချိန်တိုင်း မေမေ အမြဲပြောလေ့ရှိသည့် စကားကို ကျွန်တော်မှတ်မိသည်။ စိတ်ထဲတွင်လည်း အဘွားက ဘယ်လိုပုံစံဖြစ်မလဲ၊ တီတီလေးတွေကရော ဘယ်လိုပုံစံလဲဟု ပုံဖော်မိသေးသည်။ သုံးနှစ်၊ လေးနှစ်အရွယ်သည် မှတ်တတ်စ တေးတတ်စအရွယ်ပင် ဖြစ်သည်။ တကယ်လက်တွေ့မြင်လိုက်ရသော ကျွန်တော့်အဘွားသည် ကျွန်တော့်စိတ်ကူးထဲကထက် အနည်းငယ် ပိုပိန်သလို၊ တီတီနှစ်ယောက်ထဲက တီမေသည် ကျွန်တော့်အတွေးထဲက တီတီထက် ပိုလှနေပါသည်။

ကျွန်တော့်ကိုကြည့်နေသည့် တီမေ့မျက်ဝန်းမှာ ကရုဏာတွေ ယိုဖိတ်နေသည်။ မေမေ့နောက်တွင် ပုန်းနေသည့် ကျွန်တော့်ကို သူ့ရင်ခွင်ထဲသို့ ဆွဲဖက် ပွေ့ယူလိုက်သည်။ ထိုအချိန်က ကျွန်တော် အော်ငိုမိသည်လား၊ ငြိမ်နေမိသည်လားကိုတော့ မမှတ်မိတော့ချေ။ တီမေ့ကိုယ်ငွေ့က သင်းပျံ့ပျံ့ ရနံ့လေးမွှေးနေသည်ကိုတော့ ကျွန်တော် မမေ့ပေ။

"တီတီတို့မှာ ညီအစ်မ သုံးယောက်ရှိတယ် သားရဲ့။ သားမေမေက အကြီးဆုံးပေါ့၊ ဒေါ်ယဉ်ယဉ်စမ်းလို့ခေါ်တဲ့ တီတီလတ်က တောင်တွင်းကြီးမှာ အိမ်ထောင်ကျနေတာ။ အဲဒီမှာလည်း သားနဲ့တစ်ဝမ်းကွဲတော်တဲ့ ညီမလေး ရှိသေးတယ်။ တီတီကတော့ ညီအစ်မသုံးယောက်ထဲမှာ အငယ်ဆုံးပေါ့။

"တီမေ က ကျွန်တော့်ကို သူ့ရင်ခွင်ထဲထည့်ထားလျက် သူ့ကိုယ်သူ

mgyoe.com

mgyoe.com SAMPLE BOOK
မိတ်ဆက်နေ၏။ အဘွားနာမည်က ဒေါ်ဝိတ်၊ ဆုံးသွားခဲ့သော အဘိုးနာမည်က ဦးညိုဟု သိရသည်။ ကျွန်တော့်မေမေနာမည်က သီတာအေး၊ တီလတ်နာမည်က ယဉ်ယဉ်စမ်း၊ တီမေ့နာမည်က ယုယခိုင်။ ကျွန်တော်သည် ၎င်းတို့၏ နာမည်များကို မှတ်သားနေလျက်က မိဘနာမည်နှင့် သမီးသုံးယောက်၏ နာမည်သည် ဘာမျှလည်း စပ်ဆက်မှုမရှိဘူးဟု တွေးလိုက်မိသေးသည်။ ကျွန်တော့်နာမည်မှာဆိုလျှင် ဖေဖေ့နာမည် ထွန်းဆိုသည့်စကားလုံးပါသည်။ မေမေ့နာမည် အေးဆိုသည့်စကားလုံးလည်း ပါသည်။ ဖေဖေက ဦးအောင်ထွန်း၊ မေမေက သီတာအေး၊ ကျွန်တော့်နာမည်က ဇမင်းဆက်ထွန်း။ ထိုသို့ စပ်ဆက်မှု ရှိသေးသည်။

မေမေက ဖေဖေနှင့် အိမ်ထောင်ကျပြီး ဖေဖေ့ဇာတိ ပြည်မြို့တွင် လိုက်နေခဲ့သည်။ အိမ်ထောင်ကျပြီး နှစ်နှစ်အကြာတွင် ကျွန်တော့်ကိုမွေးခဲ့သည်။

"သားက ပြည်မှာသာနေပြီး ကြီးလာတာ။ သားဇာတိက ပျဉ်းမနားပဲ။ သားကို ပျဉ်းမနားက စဉ့်အိုးဖိုတိုက်ရပ်ကွက်လေးမှာ မွေးခဲ့တာ"

၁၉၉၀ ပြည့်နှစ်၏ သီတင်းကျွတ်လတွင် အဘွားဆီ အလည်ပြန်သွားရင်း ကျွန်တော့်ကို အဘွားတို့အိမ်မှာပဲ မွေးခဲ့ရသည်ဟု မေမေပြောပြသည်။

ဖေဖေက ရှမ်းပြည်နှင့်မြေပြန့် ကူးလူးနေသည့် အဝေးပြေးကုန်ကားများ လိုက်မောင်းပြီး မေမေကတော့ ကျွန်တော့်ကို ပျိုးထောင်ရင်း အိမ်အလုပ်များလုပ်ရင်း ဖေဖေ့ကို စောင့်ရင်း အိမ်မှာပဲနေရသည်။ ပြည်မြို့တွင် နေခဲ့ရသည့် မှတ်ဉာဏ်ပုံရိပ်များကိုတော့ ကျွန်တော်တိကျရေရာစွာ မဖမ်းမိပေ။ ကျွန်တော်သည် လမ်းလျှောက်တတ်စအရွယ် အိမ်ဝိုင်းထဲတွင် တတောက်တောက်နှင့် ပြေးနေတတ်သည်ဟု မေမေပြန်ပြောပြသည်။ ဖေဖေ့ကိုလည်း ဖေဟု တစ်လုံးတည်းပဲ စခေါ်ခဲ့ကြောင်း၊ ကျွန်တော်သည် အနေအေးသော်လည်း အငိုသန်ပြီး အိမ်နားနီးချင်းများက ကျွန်တော့်ကိုသိပ်ချစ်ကြောင်း မေမေ့ဆီက ပြန်သိရသည်။

ကျွန်တော့်အသက် လေးနှစ်ပြည့်မွေးနေ့မရောက်မီ မွေးနေ့အမီ

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ပြန်ရောက်ရန် ဖေဖေ မူဆယ်မှ ပြည်သို့ ပြန်ဆင်းလာခဲ့ပါသည်။ သို့သော်. . .။ သို့သော်၏ အနောက်တွင် စိတ်မချမ်းမြေ့ဖွယ်အဖြစ်အပျက်တစ်ခုက အမြဲကပ်ပါလာတတ်သည်မှာ မဆန်းလှပေ။ ကျွန်တော့်အတွက် မွေးနေ့ ကံဆိုးသောလက်ဆောင်အဖြစ် ဖေဖေ ကုန်ကားမှောက်သွား၍ မတော်တဆ ဖြစ်သည့်နေရာတွင်ပင် အသက်ဆုံးရှုံးလိုက်ရကြောင်း ထိတ်လန့်ဖွယ် သတင်းဆိုးကြီးသာ ရောက်လာခဲ့သည်။ သတင်းကြားရသည့်နေ့တွင် မေမေငိုခဲ့သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ဖေဖေ့ကို လက်လွှတ်လိုက်ရသည်။ အောက်တိုဘာလ ၇ ရက်နေ့သည် ကျွန်တော့် မွေးနေ့ဖြစ်၏။ တေ့လွဲလေးဟု ပေ့ါပေ့ါလေး ဆိုရအောင်လည်း သာမန်ကာလျှံကာကိစ္စလေး မဟုတ်ပေ။ လူတစ်ယောက်လုံးကို ဆုံးရှုံးလိုက်ရခြင်း ဖြစ်ပါသည်။

ဖေဖေမရှိတော့သည့်နောက်ပိုင်း ကျွန်တော့်ကို တိုးလို့တွဲလောင်းချိ၍ ပြည်မြို့မှာ ဘာမှ လုပ်ကိုင်မစားတတ်ဘူးဟု မေမေက အဘွားနှင့် တီမေ့ကို တိုင်တည် ပြောနေသည်။ ပြည်မြို့က အိမ်ကလေးကိုလည်း အိမ်ရှင်ဆီ ပြန်အပ်ခဲ့ကြောင်း၊ ယောက္ခမများဆီလည်း သွားမနေချင်ကြောင်း၊ လင်သားမရှိတော့ဘူးဟူသည့်အဖြစ်ကို ယခုချိန်ထိ အိပ်မက်မက်နေသည်ဟုသာ ထင်နေကြောင်းလည်း ပြောနေပါသည်။

"အရာအားလုံးက မျက်လှည့်ပြသလို မျက်စိတစ်မှိတ်အတွင်းပါပဲအေ။ ကိုအောင်ထွန်းမရှိတော့ဘူး ဆိုတာကို လက်ခံလို့လည်း မရသေးသလိုယုံလည်း မယုံချင်ပါဘူး။ မယုံလို့မရဘူးဆိုတာကို သေချာလက်ခံလိုက်တဲ့နေ့မှာ အစ်မလေ ရုတ်တရက် လက်တွေ၊ ခြေထောက်တွေ ရိုက်ချိုးခံလိုက်ရသလိုပါပဲ မခိုင်ရယ် အဲ့ဒီမှာ ဘာမှလည်း မလုပ်စားတတ်ဘူးလေ"

မေမေ့အသံဟာ မချိတင်ကဲဖြစ်နေသလို အားကိုးရာမရှိတော့သလို တုန်ဟိုက်နေပါသည်။

"ညည်း ပြန်လာတာပဲ တော်လှပါအေ။ မဟုတ် ငါ့မြေးနဲ့ ဟိုမှာ ဒုက္ခရောက်နေမှာ။ ပြန်လာစရာ မအေအိမ်ကလွဲ ဘယ်နေရာရှိသေးလို့လဲ။ အိမ်မှာရှိတဲ့ အလုပ်လေးတွေ ကူလုပ်ပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

အဘွားက သည်လိုပြောတော့မှ မေမေ့အသံဟာ ရေငတ်သည့်လူ စမ်းချောင်းကလေးကို တွေ့သွားသည့်နှယ် အားတက်သွား၏။ လန်းဆန်းသွား၏။

"ဟုတ်ကဲ့ပါ အမေရယ်၊ အမေ့အိမ်ပြန်ရောက်ရရင်ပဲ ကျွန်မ ဝေဒနာ တစ်ဝက် သက်သာရပါတယ်။ ဟိုမှာသူစိမ်းတွေနဲ့ ပစ်ထားရမှာထက်စာရင် အမေတို့ ညီမလေးတို့နဲ့ဆို မင်းဆက်လေးအတွက်လည်း စိတ်အေးရတယ်"

"အမေကတော့ အရင်တိုင်းပဲ လှရီတို့အိုးဖိုမှာ အိုးပဲ လုပ်တယ်။ မိခိုင်ကတော့ ကြားရက်တွေမှာ ကြိုကြားကြိုကြား အိုးလိုက်လုပ်ပြီး ဖို ဆယ်တဲ့ရက်တွေကျမှ အိုးတွေယူပြီး ပွဲစားလုပ်တယ်။ မိယဉ်နဲ့ ချိတ်ပြီး တောင်တွင်းကြီးကိုလည်း ပို့ရတာပေါ့။ ညည်းလည်း အိုးလုပ်တတ်နေတာပဲ ဒါပဲပြန်လုပ်ပေါ့"

"ဟုတ် အမေ ကျွန်မလည်း လောလောဆယ် အိုးပဲလိုက်လုပ်ဦးမယ်။ နောက်မှ ကောင်းနိုးရာရာ အလုပ်ပြောင်းလုပ်ရမှာပေါ့။ အိုးဖိုတိုက်တွေမှာ လူလိုရင် ကျွန်မကိုပြောပေးပါဦး"

"ညည်းသားကို လက်လွှတ်လို့ရပြီဆိုမှ အလုပ်လိုက်လုပ်ပါအေ၊ ကလေးကို ကျောင်းပို့ထားပြီဆိုမှပဲ စိတ်ဖြောင့်ဖြောင့်လုပ်၊ အခုနေတော့ ကလေးတစ်ဖက်နဲ့ အိမ်အလုပ်ပဲ လုပ်ကူဦးပေါ့"

သည်လိုဖြင့် အဘွားတို့အိမ်မှာ ကျွန်တော်တို့သားအမိနှစ်ယောက် သောင်တင်ဖြစ်ကြရပါသည်။ အဘွားတို့အိမ်က သုံးပင်ပတ်လည် အုတ်ဖိနပ်ခံ၊ ပျဉ်ထောင် သက်ကယ်မိုး နှစ်ထပ်အိမ်ဖြစ်သည်။ အဘွားက အိမ်အောက်ထက် ဟင်းလင်းပြင်၏ မြောက်ဘက်ထောင့်စွန်းတွင် ထရံများဖြင့် အခန်းတစ်ခန်းဖွဲ့ ကာ နေသည်။ အဘွားအိပ်ခန်း၏တောင်ဘက် မြေပြင်ပေါ်တွင် သစ်သားစား ပွဲခုံအဝိုင်းကြီးတစ်ခုနှင့် ငုတ်တုတ်ထိုင်ခွေးချီခုံလေး နှစ်ခုံတွဲလျက် ရှိသည်။ အဘွားအခန်း၏အနောက်ဘက်တွင် သွပ်သုံးချပ်ကို ဂငယ်လေးထောင့် ပုံသဏ္ဍာန်ကာထားပြီး မီးဖိုခန်းသဖွယ် လုပ်ထားသည်။ နံဘေးတွင် သုံးထပ် အမြင့်ရှိသော သစ်သားစင်ကြီးကို တွေ့ရသည်။ အပေါ်ဆုံးထပ်တွင် ပန်းကန်၊ ဇလုံ၊ ယောက်မနှင့် ဇွန်းများ တင်ထားသည်။ အလယ်ထပ်တွင် ငါးပိ၊

mgyoe.com

mgyoe.com SAMPLE BOOK

ဆား၊ ဆန္ဓင်းများထည့်သည့် မြေအိုးပေါက်စလေးများ၊ လက်နှီးစုတ်များကို တန်းစီထားပြီး အောက်ဆုံးထပ်တွင် အိုးဖင်များမည်းနေသည့် ထမင်းအိုး၊ ဒန်အိုး၊ ဒယ်အိုးများကို တင်ထားသည်။ ငရုတ်ဆုံကိုတော့ အုတ်ခဲလေးလုံးကို နှစ်ဆင့်စီထားသော ခုံပေါ်တွင်တင်ထားသည်။

တီမေက အိမ်အပေါ်ထပ်တွင် နေပါသည်။ အပေါ်ထပ်တွင် အခန်းနှစ်ခန်းနှင့် ဘုရားခန်း ပြင်ကျယ်ပဲရှိသည်။ လှေကားက အိမ်ရှေ့မျက်နှာစာမှ ဘေးတိုက်တက်ရသည့် လှေကားဖြစ်သည်။ လှေကားထိပ်တွင် အဖီဆွဲအမိုးမိုးထားပြီး ဘေးတွင် လက်ရန်းများကာထားသော ကြမ်းပြင်ရှိသည်။ ထိုကြမ်းပြင်တွင်လည်း ညဘက် ဖျာခင်းထိုင်နိုင်သည်။ ကြမ်းပြင်ကို နင်းဖြတ်ပြီးမှ အိမ်မကြီးတံခါးပေါက်ကို ဝင်ရသည်။ အပေါ်ထပ်ရှိ အခန်းနှစ်ခန်းကို ထရံနှင့်ခြားထားပြီး၊ အခန်းဝင်ပေါက်များကို လူကြီး အရပ်တစ်ရပ်စာ ခန်းစီးများဖြင့် ကာထားသည်။ ပစ္စည်းပစ္စယ များများစားစားမရှိ၊ ကြည့်ရသည်မှာ ရိုးရှင်းနေသည်။ တီမေသည် အပေါ်ထပ်က အခန်းတစ်ခန်းတွင်နေသည်။ တီမေ့အခန်းတွင် ထင်းရှူးသေတ္တာတစ်လုံး၊ အိပ်ရာနှင့် စာအုပ်အချို့ရှိသည်။ ငုတ်တုတ်အမြင့်ခန့်ရှိသော မှန်တင်ခုံနှင့် သနပ်ခါးကျောက်ပျဉ် ရှိသည်။ အလှပြင်စရာ တိုလီမုတ်စများထည့်ထားသော ခြင်းလေးရှိသည်။ ဘုရားခန်းပြင်ကျယ်တွင် ကော်ဇောပြည့်ခင်းထားသည်။ ဘုရားစင်အနီးတွင် သောက်တော်ရေကပ်ရန်သုံးမည့် ရေအိုးတစ်လုံး တည်ထားသည်။

တီမေ့အခန်းနံဘေးက လွတ်နေသည့်အခန်းထဲတွင် ကျွန်တော်နှင့် မေမေ နေရပါသည်။ အိပ်ရာဝင်ခါနီးတိုင်း ကျွန်တော် ဘုရားကိုဦးသုံးကြိမ်ချပြီး မေမေ့ကိုလည်း ကန်တော့သည်။ မေမေသည် အိပ်ရာထဲတွင် ထိုင်နေလျက်က ကန်တော့ခံ၏။

"ငါ့သားလေးက လိမ္မာလိုက်တာ။ မေမေတို့က အဘွားရဲ့အရိပ်မှာ လာခိုရတာဆိုတော့ ဒီနေ့ကစပြီး သားက အဘွားရဲ့စကားကိုနားထောင်ရမယ်၊ တီခိုင်ရဲ့စကားကိုလည်း နားထောင်ရမယ်နော်"

ရောက်စ ညက မေမေပြောသည့်စကားပင် ဖြစ်သည်။ မေမေ့ကို ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ မေမေက သူ့ဆံပင်များကိုဖြည်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK
အိပ်ဖို့ပြင်သည်။ ကျွန်တော်က မေမေ့လှုပ်ရှားမှုများကို မမှိတ်မသုန် ကြည့်မိနေ၏။ မေမေသည် ကျစ်ဆံမြီးတစ်ဖက်တည်းကိုစုကျစ်ပြီး အဖျားတွင် ပန်းနုရောင်လက်ကိုင်ပဝါလေး ချည်ထားတတ်သည်။ မေမေက လက်ကိုင်ပဝါလေးကိုဖြည်၍ ကျွန်တော်နှင့် မေမေ့ခေါင်းအုံးကြားတွင် ချလိုက်သည်။ ထို့နောက် ခေါင်းအုံးပေါ် လှဲချသည်။ ဆံပင်များကို အပေါ်သို့သိမ်းပြီး ခေါင်းအုံးအထက်သို့ ပို့ရင်း ဖြန့်ချသည်။

မေမေ့ဆံပင်များက မည်းနက်တောက်ပြောင်လှသည်။ ပြီးတော့ မွှေးလည်းမွှေး၏။ မေမေက အုန်းဆီပုလင်းထဲသို့ ခရေပန်းခြောက်လေးများ စိမ်၍ထားတတ်သည်။ ထိုအကျင့်ကို အဘွားက ကျင့်ပေးလိုက်သည်ပဲ ဖြစ်မည်။ တီမေ့အခန်းထဲက အုန်းဆီပုလင်းထဲတွင်လည်း ခရေပန်းခြောက်လေးများကို တွေ့ရသည်။ မေမေ့ဆံစများသည် အမြဲလိုလို ခရေရနံ့လေး သင်းနေတတ်သည်။ ကျွန်တော်လှဲနေရင်း ခေါင်းအုံးကြားက ပန်းနုရောင် လက်ကိုင်ပဝါလေးကို ယူနမ်းကြည့်လိုက်၏။

"အုန်းဆီလိမ်းရင် မေမေ့ဆံပင်မှာပဲ မွှေးရမှာကို ဒီပဝါမှာပါ အနံ့လာစွဲနေတာ အဲ့ဒါဘာလို့လဲဟင်"

"မေမေ ခေါင်းလျှော်ပြီး အုန်းဆီလေးလိမ်းထားရင် ဆံပင်စည်းထားတဲ့ ပဝါမှာမွှေးတဲ့အနံ့ ကူးစက်မယ်။ မေမေ ခေါင်းမလျှော်ဘဲ ညစ်ပတ်နေရင် ဒီပဝါဘယ်မှာ မွှေးတော့မှာလဲ နံ့နေမှာပေါ့"

"အနံ့တို့၊ အကျင့်တို့ဆိုတာ အနီးစပ်ဆုံးအရာဆီကို ကူးစက်လွယ်တယ်သားရဲ့"

"ဒါဆို မေမေက စိတ်ကောင်းရှိတော့ မေမေနဲ့ အနီးစပ်ဆုံးရှိတဲ့ သားက မေမေ့အကျင့်တွေ ကူးစက်ပြီး စိတ်ကောင်းရှိမှာပေါ့။ မေမေကသာ စိတ်ပုပ်ရင် သားပါ စိတ်ပုပ်တာတွေကူးမှာပေါ့ ဟုတ်လား"

"မေမေက သာမန်ပဲ ပေါ့ပေါ့ပါးပါး ပြောပြတာပါ။ ငါ့သားက လေးလေးနက်နက်ကြီးကို တွေးပြီး မေးတော့တာပဲ။ ဒါလည်းဟုတ်တာပဲ တံငါနားနီး တံငါ မုဆိုးနားနီးမုဆိုးလို့လည်း ပြောကြတယ်"

"တံငါသည်နားမှာနေတဲ့ ကလေးက တံငါသည်ဖြစ်ပြီး။ မုဆိုးနား

mgyoe.com

mgyoe.com SAMPLE BOOK

မှာကြီးပြင်းတဲ့ကလေးကလည်း မုဆိုး ဖြစ်မှာပဲတဲ့"

မေမေ့ကို စိတ်လိုလက်ရ ဟိုလျှောက်မေး သည်လျှောက်မေးရင်း ကျွန်တော် အိပ်ပျော်သွားခဲ့သည်။ မေမေက ကျွန်တော့်ကို ဖက်ထားရင်း အိပ်ပါ၏။ မျက်လုံးများ မှိတ်ထားသော်လည်း အုန်းဆီနှင့် ခရေပန်းရနံ့သည် ကျွန်တော့်နှာသီးဝတွင် သင်းပျံ့နေပါ၏။

❑

တစ်ပတ်နှစ်ပတ်အတွင်း အဘွားနှင့် တီမေကို ကျွန်တော်ရင်းနှီးစပြုခဲ့ပါသည်။ တီမေ့ကိုတော့ တီခိုင်ဟု မခေါ်သေးဘဲ တီတီဟုသာ ခေါ်ဖြစ်ခဲ့ပါသည်။ မေမေက ထမင်းဟင်းချက်ရင်း တံမြက်စည်းလှည်းရင်း အိမ်စောင့်နေပါသည်။ မေမေ ထမင်းဟင်းချက်နေလျှင် ကျွန်တော် မေမေ့ဘေးမှာ ငုတ်တုတ်လေး သွားထိုင်ကြည့်နေလေ့ရှိပါ၏။ တစ်ခါတလေ အိမ်အပေါ်ထပ်တွင် တီမေဝယ်ပေးထားသည့် စစ်သားအရုပ်သေးသေးလေးများဖြင့် တစ်ယောက်တည်း ကစားနေလေ့ ရှိပါသည်။ အဘွားနှင့်တီမေက မနက်စာစားပြီးလျှင် မျက်စောင်းထိုးအိမ်က မေလှရီတို့အိမ်တွင် အိုးသွားလုပ်ကြပါသည်။ မေလှရီတို့အိမ်သို့ ခြေလှမ်း ဆယ့်ငါးလှမ်း၊ အလှမ်းနှစ်ဆယ်လောက် လှမ်းရုံဖြင့် ရောက်ပါသည်။

အဘွားတို့သားအမိသည် နေ့လယ်ဆိုလျှင် ထမင်းစားခဏ ပြန်လာကြပြီးမှ အလုပ်ကိုပြန်သွား၏။ ညနေစောင်းချိန်မှသာ အလုပ်သိမ်း၍ အိမ်ပြန်လာကြသည်။ နေ့လယ် သုံးနာရီလောက်ဆိုလျှင် မေမေက ကျွန်တော့်လက်ကို ဆွဲကာ မေလှရီတို့အိမ်ဘက်သို့ လိုက်သွားလေ့ရှိသည်။ အဘွားနှင့် တီမေတို့ အိုးလုပ်နေသည့် စက်ပျဉ်နားတွင် သွားထိုင်ရင်း ရှေးဟောင်းနှောင်းဖြစ်စကားများ ပြောကြသည်။

မေလှရီတို့အိမ်ကြီးသည် သွပ်မိုးပျဉ်ကာ၊ အခင်းများကိုလည်း ပျဉ်ချောများဖြင့် ခင်းထားပြီး အိမ်ကြီးရခိုင်ကြီးပီသစွာ ကြီးမားခိုင်ခံ့လှ၏။ အိမ်တိုင်လုံးကြီးများက အကြီးကြီးဖြစ်သည်။ လူကြီးတစ်ယောက်က တိုင်လုံးကြီးကို ဖက်လိုက်လျှင် လက်တစ်ဖက်နှင့် တစ်ဖက်ပင် မထိပေ။ လူနှစ်ယောက်ဖက်စာ လုံးပတ်ရှိပါသည်။ အပေါ်ထပ်တွင် လူနေကြပြီး အိမ်အောက်ထပ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

အိုးလုပ်ငန်းကို လုပ်ကြသည်။ အောက်ထပ်သည် ရှည်လျား ကျယ်ပြန့်လှပြီး အလုပ်ဆင်းကြသည့် အိုးလုပ်ကြသူများ၊ ပန်းဆွဲကြသူများ၊ ချော်လူးနေကြသူများ စုစုပေါင်း ဆယ့်ငါးယောက်မက ရှိတတ်သည်။ အိမ်မကြီးနံဘေးတွင် မြေကြီးထောင်းသည့် မောင်းစင်ရှိသည်။ အိမ်ကြီးနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်ခြမ်းက မြေနေရာအကျယ်ကြီးကိုလည်း မေလှရီတို့ ပိုင်သည်။ ထိုမြေဝိုင်းကြီးထဲတွင် အုတ်ခဲများဖြင့် တည်ထားသော လိုဏ်ဂူငယ်ပုံစံ ဖိုကြီး ရှိသည်။ နံဘေးတွင် အိုးဖုတ်ပြီး၍ စီချထားသော စဥ့်အိုးပေါင်းစုံ၊ အမယ်စုံ၊ ဆိုဒ်စုံများကို တွေ့ရသည်။ အိမ်ကြီးရှေ့က လမ်းမပေါ်တွင် ပျဥ်ပြားများခံ၍ လုပ်ပြီးစ အိုးအစိုများကို စီတန်းချကာ နေလှန်းထား၏။

အဘွားနှင့် တီမေက မေလှရီတို့အိမ်အောက်ထပ်သို့ ဝင်ဝင်ချင်း လျှောက်လမ်းတစ်ခုခြား မျက်နှာချင်းဆိုင်တွင် ထိုင်၍ အလုပ်လုပ်ကြသည်။ ကျွန်တော်ကတော့ စက်ပျဥ်ပေါ်တွင် မွတ်နေအောင်လည်ပတ်နေသည့် ရွံ့တုံးကြီးကို ကြည့်နေသည်။ ထိုရွံ့တုံးသည် အဘွားလက်ချောင်းလေးများကြားမှ ကြည့်နေရင်းနှင့်ပင် ပန်းအိုးပုံစံ၊ ခွက်ပုံစံများအဖြစ် ရုပ်လုံးပေါ်လာကြသည်ကို တအံ့တသြသာ ငေးနေမိတော့သည်။

မေလှရီက အဘွားနံဘေးတွင်ထိုင်နေသည့် ကျွန်တော့်ကို မုန့်များလာကျွေးလေ့ ရှိပါသည်။ .

“သီတာ ညည်းသားက ဖအေတူလို့ အသားညိုတာပါအေ၊ ညည်းနဲ့တူရင် ဖြူမှာနော့။ မျက်လုံး မျက်ခုံးလေးကတော့ လှသား ကြီးလာရင်တော့ လူချောကလေးဖြစ်မှာဟဲ့”

သည်ရပ်ကွက်ကလေးသို့ စရောက်ချိန်တွင် ပထမဦးဆုံး အဘွားနှင့် တီမေကို သွေးသားများအဖြစ် ကျွန်တော့်ဦးနှောက်ထဲ မှတ်သားထားရသည်။ အဘွားနှင့် ရင်းနှီးစွာနေရမည်။ တီမေ့ကို ချစ်ရမည်ဟု အမြဲတွေးသည်။ ၎င်းတို့ကို ချစ်နိုင်ရန်လည်း ကျွန်တော် ကြိုးစားပါ၏။ သည်လိုဖြင့် တဖြည်းဖြည်း အဘွားနှင့် တီမေကို ကျွန်တော် ချစ်စပြုလာခဲ့ပါသည်။ သွေးသားရင်းချာများပြီးလျှင် ထပ်မံရင်းနှီး ချစ်ခင်ရသူမှာ မေလှရီ။ မေလှရီသည် မျက်နှာဝိုင်းဝိုင်း အသားညိုညို၊ ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး အမြဲလိုလို ဖက်ရွက်ဆေးလိပ်

mgyoe.com

mgyoe.com SAMPLE BOOK

ကြီး ခဲထားတတ်လေ့ ရှိသည်။ ဆေးလိပ်သောက်သောကြောင့်ထင်သည် နှုတ်ခမ်းတို့သည် ပြာနေ၏။ မေလှရီသည် အဘွားနှင့်ရွယ်တူဖြစ်သောကြောင့် အလုပ်ဆင်းကြသူများထဲမှာမှ အဘွားနံဘေးတွင်သာ အမြဲလာထိုင်ပြီး စကား ပြောလေ့ ရှိသည်။ သူ့လက်ထဲတွင် ဆေးလိပ်နှင့်အတူ နှုတ်ခမ်း အနည်းငယ်ပဲ့နေသော စဥ့်ဆေးလိပ်ကလပ်လေး အမြဲပါ၏။

မေလှရီသည် အဘွားကဲ့သို့ မုဆိုးမပင် ဖြစ်သည်။ သူတို့အိမ်ကြီးတွင် သူနှင့် သူ့သားငယ်လူပျိုကြီး ဦးမင်းညီပဲ နေကြသည်။ မေလှရီ၏ သမီးကြီး က ရန်ကုန်တွင် အိမ်ထောင်ကျနေသည်ဟု သိရသည်။ မေလှရီတို့အိမ်တွင် ဧည့်သည်နှင့် အလုပ်သမားများ မပြတ်သောကြောင့် ပဲခြမ်းလက်ဖက်နှင့် ရေနွေးကို အမြဲတည်ချထားတတ်သည်။ ကျွန်တော်က လက်ဖက်သားများကို ဖယ်ကာ ပဲခြမ်းကြော်များကိုသာ ရွေးကော်စားတတ်သည်။ မေလှရီကိုယ်တိုင် ကြော်ပြီးသပ်သပ်ဖယ် သိမ်းထားသော အထူးငါးမုန့်ကြော်ကိုတော့ ကျွန်တော် တစ်ယောက်ပဲ စားရတတ်ပါသည်။

"ဒေါ်ဒေါ်ရီ့ဆီက မုန့်စားရတုန်း အဝသာကြိတ်ပေတော့ ငါ့တူရေ။ သူဖွက်ထားတဲ့ မုန့်ထုတ်ကျွေးတာ ရှားသတော့။ သူကြည်တဲ့ သူချစ်တဲ့သူမှ ကျွေးတာမျိုး"

တီမေက အရွှန်းဖောက်နေသော်လည်း ကျွန်တော်က မတုန်မလှုပ်။ မေလှရီကတော့ "ကလေးသနားလို့ပါအေ" ဟုသာ ပြောရင်း လက်ထဲက ဆေးလိပ်ကြီးကို ဖွာရှိုက်လိုက်သည်။

"ဒီနေ့ ခရမ်းသီးနဲ့ အမဲသားနှပ်တာလေ သားအမိနှစ်ယောက်တည်း စာဆိုတော့ ဟင်းတွေများနေလို့"

"ဒီနေ့ ခါကြက်ဥကြော်လေ အများကြီး ပိုကြော်မိသွားလို့ မဝိတ်တို့ အိမ်က လူများလို့ လာပေးတာ"

မေလှရီက ကျွန်တော်တို့အိမ်သို့ ရံခါ ညနေတွေတိုင်း ဟင်းစားလေး တစ်ခွက်တစ်ဖလား လာမျှပေးတတ်သေးသည်။ တီမေကလည်း အိမ်မှာရှိ တာလေးတွေ ကြုံလျှင် ပြန်ထည့်ပေးတတ်ပါ၏။

"ကျွန်မတို့အိမ်ကတော့ ညနေဘက် ပဲထောပတ်သည်လာလို့ ပဲထော

mgyoe.com SAMPLE BOOK

ပတ် သုပ်စားမလို့ ဒေါ်ဒေါ်ရီရေ။ ပဲထောပတ်သုပ်လေး ထည့်ပေးလိုက်မယ် ယူသွားပါဦး။"

"နေနေ မခိုင်၊ ငါလေပွတတ်လို့ ပဲမစားတော့ဘူး။ ပန်းကန်ကိုလည်း မနက် အိမ်လာရင်းမှ ယူခဲ့တော့"

ကျွန်တော်က ခရမ်းသီးအမဲသားနှပ်ကို တော်တော်ကြိုက်သည်။ မေလှရီလာပို့သော ဟင်းကို မြိန်ရည်ယှက်ရည် စားပါသည်။ အဘွားအိမ်တွင် ကျွန်တော်နှင့် မေမေ ထပ်တိုးလာသောကြောင့် ထမင်းထိုင်စားသည့် ငုတ်တုတ် ခွေးချီခုံလေးနှစ်လုံး ထပ်ရိုက်ရပါသည်။ မေလှရီ၏သား ဦးမင်းညိုကပဲ ပျဉ်တိုပျဉ်စလေးတွေ စုဆက်ရိုက်ပြီး လာပို့ပေးသွားသည်ဟု သိရပါ၏။

ညစာ စားပြီးချိန်တွင် အဘွားနှင့် တီမေသည် အရှေ့အိမ်သို့ တီဗွီ သွားကြည့်လေ့ ရှိပါသည်။

အဘွားက ခဏတစ်ဖြုတ်သာ ကြည့်ပြီး ပြန်လာတတ်သော်လည်း တီမေကတော့ ညကိုးနာရီလောက်မှသာ အိမ်ပြန်လာတတ်ပါသည်။ ရောက်စ ညတွေတုန်းက မေမေနှင့်ကျွန်တော် အိမ်ပေါ်မှာပဲနေခဲ့လေ့ရှိပြီး။ နောက်ရက်များတွင် တီမေက ကျွန်တော့်လက်ကိုဆွဲကာ အရှေ့အိမ်သို့ တီဗွီကြည့်ရန် အတင်းခေါ်သွားခဲ့ပါသည်။ မေလှရီတို့သည် ပိုက်ဆံရှိသော်လည်း တီဗွီမဝယ်ထားပါ။ ထိုအချိန်က ကျွန်တော်တို့လမ်းသွယ်ထဲတွင် အဘွားတို့အိမ်နှင့် မျက်နှာချင်းဆိုင်က ဒေါ်ဒေါ်ညွန့်တို့အိမ်၌သာ တီဗွီရှိသည်။ မေလှရီတို့သားအမိ၊ အဘွားတို့သားအမိ၊ အဘွားတို့နှင့်ကပ်လျက် ခြေရင်းအိမ်က ဒေါ်ဒေါ်မြတို့သားအမိများသည် ညပိုင်းတီဗွီစုကြည့်ကြချိန်တွင် ဆုံကြ၊ စကားပြောကြပါ၏။

ထိုနေ့ညက ကျွန်တော် အိမ်နီးချင်း သူငယ်ချင်းနှစ်ယောက်ကို ရခဲ့ပါသည်။ တီဗွီအိမ်ပိုင်ရှင်၏သားဖြစ်သူ ကျော်ဇေယျာဝင်းနှင့် အဘွားတို့ခြေရင်းအိမ်က ဒေါ်ဒေါ်မြ၏သမီး ရွှန်းမြသော်တာဆိုသော ရွယ်တူကလေးနှစ်ယောက်နှင့် ထပ်မံရင်းနှီးခဲ့၏။ ၎င်းတို့အား ကျွန်တော် တတိယ မြောက်ရင်းနှီးရသော လူသားများအဖြစ်မှတ်ဉာဏ်ထဲ ထည့်သိမ်းလိုက်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တီမေ့အနီး၌ ကုပ်ထိုင်ရင်း တီဗွီကို စိုက်ကြည့်နေသော ကျွန်တော့်နှင့် မလှမ်းမကမ်းတွင် အိမ်ရှင်ကောင်လေးက လာထိုင်သည်။ သူသည် နှုတ်ခမ်း ပါးပါး မျက်လုံးဝိုင်းဝိုင်းနှင့် လူဖလံလေးဖြစ်သော်လည်း အတော်သွက်သူ ဖြစ်၏။

"တီခိုင် သူက ဘယ်သူလဲဟင်၊ သားသူငယ်ချင်းလုပ်လို့ရလား"

"ရတာပေါ့ သားရဲ့၊ ဧမင်းဆက်ထွန်းတဲ့ တီခိုင့်တူလေးလေ"

"မမညွန့်ရေ ငကျော်လေးက ဘယ်နှနှစ်ရှိပြီလဲ"

"ငါးနှစ်ပြည့်ဖို့ တစ်လပဲလိုတော့တယ်၊ မိရွှန်းနဲ့တူတူပဲလေ မခိုင်ရဲ့"

"ဒါဆို သူတို့နှစ်ယောက်က ခိုင့်တူလေးနဲ့လည်း မကွာပါဘူး။ လာမယ့် ကျောင်းဖွင့်ရာသီဆို သူတို့အတူတူ ကျောင်းတက်လို့ရပြီပဲနော့"

တီမေနှင့် အိမ်ရှင်ဒေါ်ဒေါ်ညွန့်တို့၏စကားကို နားထောင်ရင်း အဖော်ရပြီဆိုသော အသိဖြင့် ကျွန်တော့်စိတ်ထဲ ကြိတ်ပျော်နေမိ၏။

"သား မင်းဆက်၊ ဒီသူငယ်ချင်းနဲ့ နောက်ဆို တူတူကစားလို့ ရတယ်နော် ကြားလား"

တီမေ့စကားဆုံးသောအခါ သူက ကျွန်တော့်အနားသို့ ပိုမိုတိုးကပ်လာသည်။

"မင်းနဲ့ ငါနဲ့ တူတူ ကစားကြရအောင်လေ"

ကျွန်တော် ဘာမှပြန်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ သူငယ်ချင်းများဖြစ်သွားပြီဟု ကျွန်တော်က သဘောတူလိုက်သောအခါ သူက ချည်းစကားများကို ဦးဆောင်ပြောနေတော့၏။

"အခုက ညဘက်ဆိုတော့ တခြားဘာမှကစားလို့ မရဘူး။ ဒီလိုလုပ် ကြော်ငြာလောင်းတမ်း ကစားကြမယ်လေ"

"ဘယ်လိုလောင်းမှာလဲ"

ကျွန်တော့်အသံတိုးတိုးလေးကို သူ မနည်းအားစိုက် နားထောင်နေရရှာသည်။ ထိုစဉ် ရွှန်းမြသော်တာဟု ခေါ်သော ကလေးမလေးက ကျွန်တော်တို့ စကားဝိုင်းထဲသို့ ဝင်လာသည်။ ကောင်မလေးသည် ဝတုတ်တုတ်လေးဖြစ်သည်။ ဂါဝန်ဖားဖားလေးကို ကြမ်းပြင်ပေါ်သို့ လွှားခနဲဖြန့်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK
ထိုင်ချလိုက်သည်။ ငကျော်နှင့် ကောင်မလေးက အစကတည်းက ရင်းနှီးပြီးသား အိမ်နီးချင်းတွေဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်က လူသစ်ဖြစ်သည့် ကျွန်တော့်အနားသို့ ဝိုင်းနေကြသည်။ သူတို့နှစ်ယောက်ကြားတွင် ကျွန်တော်ကသာ ကျောက်ရုပ်ကြီးလို ဖြစ်နေခဲ့ရသည်။

"ငါလည်း ပါမှာနော် ငကျော်၊ ယောကျ်ားလေးက မင်းသားကိုရွေး၊ မိန်းကလေးက မင်းသမီးကိုရွေး၊ ငါက ထက်ထက်မိုးဦး"

"မိရွှန်းမရေ မင်းသမီးလေး ဘာလေး ပြောင်းရွေးပါဦး။ အမြဲတမ်းနင်က ထက်ထက်မိုးဦးချည်းပဲ"

"မပြောင်းနိုင်ဘူး ငါက အမြဲ ထက်ထက်မိုးဦးပဲယူမှာ"

"ငါက ဒွေး"

ထိုဝတုတ်မလေး၏အိမ်နာမည်မှာ မိရွှန်း ဖြစ်ကြောင်း ကျွန်တော်မှတ်ထားလိုက်သည်။ ၄င်းတို့၏နာမည်များထက် သူတို့ကစားမည်ဆိုသောကြော်ငြာတွေကို လောင်းတမ်း ဘယ်လိုကစားကြမှာလဲဟူသော သိချင်စိတ်က ပိုမိုပြင်းပြနေသည်။ ထို့ကြောင့် ငကျော့်ကို ကစားနည်းအကြောင်း မေးလိုက်သည်။

"ဘယ်လိုကစားတာလဲ ငကျော် ငါ့ကို ပြောပြမှ ပါလို့ရမှာပေါ့"

ကျွန်တော်က ငကျော့်ကို ဦးတည်မေးသော်လည်း မိရွှန်းက မသိရကောင်းလားဆိုသော လေသံဖြင့် သွက်လက်စွာ ကြားဖြတ်ဝင်ဖြေလိုက်သည်။

"ကြော်ငြာထဲမှာ ကိုယ်ရွေးထားတဲ့ မင်းသား၊ မင်းသမီး ပါလာရင်နိုင်တယ်။ ဒါဆို ရှုံးတဲ့သူကို နဖူးတောက်ကြေး၊ ဒီလိုဟာ အခုလာမယ့်ကြော်ငြာထဲမှာ ထက်ထက်မိုးဦးနဲ့ ဒွေး ပါရင် ငါရယ် ငကျော်ရယ် နိုင်တယ်။ နင်ရှုံးလို့ နဖူးတောက်ခံရမယ်။ ထက်ထက်မိုးဦးတစ်ယောက်တည်းဆို နင်ရော ငကျော်ပါ နဖူးတောက်ခံရမယ်"

"ဩော်. . ."

ကျွန်တော်က ဩပဲ လိုက်နိုင်သည်။ မိရွှန်းက ကျွန်တော့်ကို မင်းသားရွေးဖို့ မေးသည်။ ကျွန်တော်သည် မင်းသား၊ မင်းသမီးနာမည်များကို မသိချေ။ ပြည်ကအိမ်မှာလည်း တီဗွီမရှိသလို၊ သူများအိမ်သို့ ခဏတဖြုတ်

mgyoe.com

mgyoe.com SAMPLE BOOK
တီဗွီသွားကြည့်လျှင်လည်း မင်းသားမင်းသမီး မည်သူမည်ဝါမှန်းမသိဘဲ ခဏတစ်ဖြုတ်သာ ကြည့်ခဲ့ဖူးပါသည်။

"မင်းသား နာမည်တွေ ငါမှမသိတာ"

"ဟင် နင်ကလည်း ဒါလေးတောင် မသိဘူးလား"

"အင်း"

"ဒွေးက ငကျော်ရွေးပြီးသား ဆိုတော့။ ကျန်တဲ့မင်းသား လူမင်း၊ လွင်မိုး ဘယ်သူ့ရွေးမလဲ"

ကျွန်တော် ခဏစဉ်းစားလိုက်ပြီးမှ မိုးရေထဲပြေးလွှားရသည်ကို နှစ်သက်သောစိတ်အခံဖြင့် မိုးဆိုသော စကားလုံးပါသည့် လွင်မိုးကိုပဲ ရွေး လိုက်ပါသည်။

"လွင်မိုး"

ထိုနေ့ညက စ၍ ညစဉ်၊ လစဉ်၊ နှစ်စဉ် ငကျော်က ပင်တိုင် ဒွေး၊ ကျွန်တော်က ပင်တိုင် လွင်မိုးပဲ ယူရပါတော့သည်။ မိရွှန်းကလည်းပါသည်။ သူ့ကိုဘယ်တော့မှ နဖူးတောက်ခွင့် မရခဲ့ပေ။ ကျွန်တော်နှင့် မိရွှန်းက ငကျော့်ကို နဖူးတောက်လိုက်၊ ငကျော်နှင့် မိရွှန်းက ကျွန်တော့်ကို နဖူးတောက်လိုက် နှင့်သာ သံသရာလည်ကာ ပြီးနေ၏။ ကြော်ငြာကစားနည်းတွင် ကျွန်တော်က အရှုံးဆုံး၊ နဖူးအတောက်ခံရဆုံးပင်။ ဇာတ်လမ်းတွဲပြီး၍ အိမ်ပြန်လာလျှင် ကျွန်တော့်နဖူးထိပ်တွင် ရဲနေပါတော့သည်။

နောက်ညများတွင် ညနေစာကို စောစောစားပြီး တီမေမပါလျှင် တောင် ကျွန်တော်ငကျော်တို့အိမ်သို့ ကူးသွားတတ်နေပြီဖြစ်သည်။ မီးတောက် ကလေးများနှင့်တူသော ထိုနှစ်ယောက်သည် နောင်တွင် ကျွန်တော်နှင့် ခွဲမရ အောင် တွဲဖက်ညီခဲ့သော သူငယ်ချင်းများ ဖြစ်လာခဲ့ကြပါသည်။ ကျွန်တော့် ကိုတော့ စိတ်ပါလျှင် စကားတွေ မရပ်နိုင်အောင် စိတ်လိုလက်ရဝင်ပြောပြီး မပြောချင်လျှင် ရေခဲတုံးကြီးလို အေးစက်နေတတ်သည်ဟု ၎င်းတို့က မှတ်ချက် ပြုကြပါသည်။

❑

ကျောင်းဖွင့်ရာသီရောက်၍ သူငယ်တန်း စတက်ကြမည့်နေ့တွင်
mgyoe.com

mgyoe.com SAMPLE BOOK
တစ်ဖွဲ့လုံးထဲတွင် အအေးဆုံးဖြစ်သည့် ကျွန်တော်က ကြည်ကြည်သာသာနှင့် ကျောင်းသွားဖို့ ရွှင်ပျနေခဲ့သည်။ ကိုယ်စီအိမ်တွင်း ဗိုလ်များဖြစ်ကြသော မိရွှန်းနှင့် ငကျော်ကတော့ ကျောင်းမတက်ချင်သောကြောင့် စောစောစီးစီး မိုးလင်းကတည်းက ငိုပွဲကျင်းပနေကြသည်။

မေမေက ကျွန်တော့်ကို သနပ်ခါးမှုန်မှုန်လေး လိမ်းပေးသည်။ ဆံပင်ကိုလည်း အုန်းဆီလေး လိမ်းပေးပြီး သပ်ရပ်အောင် ဖြီးသင်ပေးသည်။ ကျောင်းဝတ်စုံအသစ်ကလေး ဝတ်ရသည်ကို ကျွန်တော်နှစ်သက်ပါ၏။ ဘေးလွယ်အိတ် အပြာရောင်အသစ်လေးလည်း လွယ်ရသည်ကိုလည်း သဘောကျပါသည်။

"တစ်တန်းတက်တဲ့နှစ်မှ မေမေ ငါ့သားကို ကျောပိုးအိတ်ကောင်းကောင်းလေး ဝယ်ပေးမယ်နော်"

မေမေက ချွေးသိပ်နေသော်လည်း ကျွန်တော် ကျောပိုးအိတ် မလိုချင်ပါ။ ဘေးလွယ်အိတ်ကိုင်းကို ချိုင်းအောက်တွင် ချိတ်၍ ခေါင်းလျှိုကာ အနောက်သို့ လှန်ချလိုက်လျှင် ကျောပိုးအိတ်လိုဖြစ်သွားသည်ကို ကျွန်တော် စမ်းကြည့်ပြီးပြီဖြစ်၏။ မေမေက ကျွန်တော့်ကို ကျောင်းလိုက်ပို့ဖို့ပြင်သည်။ မေမေသည် အနီရောင်ပါတိတ်ဝမ်းဆက်ကလေး ဝတ်ထားသည်။ ကျောလယ်ခန့်ရှိသည့် ဆံပင်ကို ထုံးစံအတိုင်း ကျစ်ဆံမြီးကျစ်၍ အနောက်တွင်ချထားသည်။ သနပ်ခါးကိုလည်း ကျွန်တော့်ကိုလိမ်းပေးသကဲ့သို့ မှုန်မှုန်လေး လိမ်းထားသည်။ သည်လိုဆိုတော့လည်း မေမေသည် အပျိုလေး တီမေနှင့် ရုပ်ချင်း ၇၀ ရာခိုင်နှုန်းခန့် ဆင်သွားသည်။ အင်းလေ ညီအစ်မတွေပဲ ရုပ်ဆင်မှာပေါ့ဟု စိတ်ထဲတွင်တွေးကာ ကောက်ချက်ချလိုက်၏။ ကျွန်တော် ပထမဦးဆုံး ကျောင်းတက်မည့်နေ့ဖြစ်သောကြောင့် တီမေပါ မေမေနှင့်အတူ ကျောင်းကို လိုက်ပို့မည်ဟု ကတိပေးထားသည်။

ကျွန်တော်သည် အလယ်မှနေ၍ မေမေနှင့် တီမေ့လက်ကိုဆွဲကာ အိမ်ရှေ့လမ်းမပေါ်သို့ ထွက်လာခဲ့သည်။ ခြေရင်းအိမ်က အဝါရောင်တစ်ထပ်တိုက်ကလေးထဲမှ ဒေါ်ဒေါ်မြနှင့် မိရွှန်းထွက်လာသည်။ မိရွှန်းသည် ဆံပင်တိုလေးကို နောက်တွင် ကြွက်မြီးရှည်လေး ချထားသည်။ ကျောင်းဝတ်စုံ
mgyoe.com

mgyoe.com SAMPLE BOOK

စုံအဖြူနှင့် စကပ်အစိမ်းဝဲဝဲလေး ဝတ်ထားသည်။ ကျောပိုးအိတ် ပန်းရောင်လေး ပိုးထားသည်။ မျက်နှာတွင် သနပ်ခါးများ ဖွေးနေသော်လည်း ငိုထားသည့်မျက်ရည်စီးကြောင်းများမှာ ပါးနှစ်ဖက်က ပါးကွက်များပေါ်တွင် အဝါကြောင်းလိုက်ကြီး ဖြစ်နေသည်။ မိရွှန်းကိုကြည့်ကာ ခိခနဲ ကျွန်တော် ကြိတ်ရယ်မိသည်။ ငကျော်သည်လည်း ဘာမှမထူး။ အိမ်ထဲမှထွက်လာကတည်းက သနပ်ခါးများပျက်ကာ နှပ်တရှုံ့ရှုံ့နှင့် ဖြစ်နေသည်။

ကျွန်တော်တို့သုံးယောက်သည် ကိုယ်စီမိခင်တို့နှင့်အတူ၊ တီမေနှင့်အတူ ရပ်ကွက်ကလေးမှ မြို့မမူလတန်းကျောင်းကလေးသို့ စကားပြောရင်း၊ လမ်းလျှောက်ရင်း တအိအိဖြင့် သွားနေကြပါသည်။ ရပ်ကွက်ထဲက ကုန်းပေါ်လေးသို့ တက်ရသည်။ ရပ်ကွက်ထိပ်က ကားလမ်းမသို့ တက်ရသည်။ ပဌာန်းဓမ္မာရုံကြီးကို ဖြတ်ရသည်။ ကိုးလမ်းကားလမ်းမကို ဖြတ်ရသည်။ ရှစ်လမ်းမနှင့် ခုနစ်လမ်းမကြားက အမှတ် (၁) မြို့မ မူလတန်းကျောင်းသို့ ရောက်ရန် ဆယ်မိနစ်ဆယ့်ငါးမိနစ်ခန့် လမ်းလျှောက်ရပါ၏။ ကျောင်းဝန်းထဲသို့ရောက်သောအခါ မေမေနှင့်တီမေက ကျွန်တော့်ကို မုန့်ဈေးတန်းထဲသို့ ခေါ်သွားကာ မုန့်များဝယ်ပေးပြီး လွယ်အိတ်ထဲသို့ ထည့်ပေးလိုက်ပါသည်။

ကျွန်တော်တို့သုံးယောက်လုံး သူငယ်တန်း (B)အခန်းတွင် နေရပါသည်။ အတန်းပိုင်ဆရာမနာမည်က ဒေါ်သက်ငုံဖူးဟု သိရပါသည်။ ဆရာမက နာမည်နှင့်လိုက်ဖက်စွာ မျက်နှာဖူးဖူးလေးဖြင့် တော်တော်လှပါသည်။ ကျောင်းတက်ခေါင်းလောင်း မထိုးခင်အချိန်ထိ စာသင်ခန်းနံဘေးက ပြတင်းပေါက်တွင် မေမေ၊ တီမေနှင့် ဒေါ်ဒေါ်နှစ်ယောက်သည် ပြူတစ်ပြူတစ်လုပ်ကာ ကျွန်တော်တို့ သုံးယောက်အခြေအနေကို စောင့်ကြည့်ကြပါသည်။ ကျွန်တော်ကတော့ အေးအေးဆေးဆေးပါပဲ။ မေမေ့ကို လှမ်း၍ပင် ပြုံးပြလိုက်သေးသည်။ မိရွှန်းကတော့ ငိုကြောရှည်ဆဲပင်။

ဒေါ်ဒေါ်မြက သူ့သမီးကို စိတ်မချဘဲ ကျောင်းစာသင်ခန်းထဲသို့ ပြန်ဝင်လာပါသည်။

"မိရွှန်း မငိုနဲ့တော့။ မရှက်ဘူးလားဟင်၊ မေမေ နေ့လယ် ထမင်းစား ကျောင်းဆင်းရင် လာခေါ်မှာ။ အပြီးထားခဲ့တာ မဟုတ်ဘူးလေ။ မင်းဆွတ်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုကြည့် သူတောင်မငိုဘူး။ တွေ့လား ငကျော်တောင် အငိုတိတ်သွားပြီ"

ကျောင်းတက်ခေါင်းလောင်းထိုးချိန်တွင် မိဘများ ကျောင်းဝန်းထဲက ထွက်သွားကြပါသည်။ ထိုအခါမှ အငိုတိတ်သွားပြီးဖြစ်သော ငကျော်က တအီးအီးဖြင့် ပြန်ငိုပါသည်။ မိရွှန်းကတော့ ဆိုဖွယ်ရာမရှိပြီ။ မိခင်များ ထွက်ခွာသွားသည့်အခါ ထိုအချိန်က သူတို့နှစ်ယောက် ငိုနေခဲ့သော်လည်း ကျွန်တော် ငိုရကောင်းမှန်းမသိ။ ကျောင်းစာသင်ရမှာ ငိုစရာမကောင်းပါဘူး ဟု ၎င်းတို့အား ကျွန်တော် ချော့ဆိုနှစ်သိမ့်ဖြောင့်ဖျခဲ့သည်။

အကယ်၍များ ကျွန်တော့်ဘဝထဲမှ မေမေ ထွက်ခွာသွားခဲ့လျှင် သူတို့နှစ်ယောက်က ကျွန်တော်အငိုတိတ်စေရန် မည်သို့မည်ပုံများ အားပေးနှစ်သိမ့်ကြမည်နည်းဟု ကျွန်တော် တွေးမကြည့်ခဲ့ဖူးပေ။

သူငယ်တန်းစာသင်နှစ်လယ်၏ နေ့တစ်နေ့သည် ကျွန်တော် လှိုက်ဟာ ကြေကွဲရဆုံးနေ့ဖြစ်ခဲ့၏။ ထိုနေ့က ထမင်းစားကျောင်းဆင်းချိန်တွင် ကျွန်တော့်ကို ကျောင်းလာကြိုသည့်သူမှာ မေမေ မဟုတ်ဘဲ တီမေ ဖြစ်နေချိန်က ကျွန်တော် မငိုခဲ့ချေ။ ညရောက်မှသာ ကျွန်တော် အတိုးချ ငိုမိခဲ့ပါသည်။ ကမ္ဘာပေါ်တွင် အသက်ရှင်ကျန်ရစ်သူမှာ ကျွန်တော်တစ်ယောက်တည်းပဲရှိတော့သည့်အလား သိမ်ငယ်ကာ အထီးကျန်ဝမ်းနည်းရပါသည်။ အသံတိတ်ကာ တအိအိဖြင့် ငိုနေသည်မှာ ခေါင်းအုံးတစ်ခုလုံးအေးစက် စိုရွှဲနေပါတော့၏။ မေမေ. . .။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

မိုးရွာပြီးစအချိန်တွင် အိမ်အနောက်ဘက်ထဲရှိ ခပ်မြင့်မြင့် ရဲယိုပင်များအောက်သို့ ကျွန်တော် ထွက်လာခဲ့သည်။ ရဲယိုကိုင်းများကို ဆွဲပြီး လှုပ်ချလိုက်သည့်အခါ အရွက်တွေပေါ်တင်ကျန်ခဲ့သောမိုးစက်များက ခန္ဓာကိုယ်ပေါ်သို့ ကျလာသည်။ ထိုအခိုက် ကျွန်တော် ခပ်လွင်လွင်လေး ရယ်မောမိ၏။ မိုးရေတွေကြားထဲ ခဏတော့ ရောက်ခွင့်ရပြီ။ ကျွန်တော်သည် လွယ်လွယ်နှင့် အအေးမိတတ်သောကြောင့် မိုးရေထဲ ထွက်ကစား ခွင့်မရခဲ့ပေ။ မိရွှန်းသည် မိုးရွာချိန်ဆိုလျှင် သူ့အိမ်တံစက်မြိတ်အောက်တွင် မိုးရေထွက်ချိုးလေ့ ရှိသည်။

*"မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင်နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်"*

သီချင်းတွေအော်ဆိုရင်း မိုးရေထဲပျော်နေသည့်သူ့ကို ကျွန်တော် အပေါ်ထပ်ဝရန်တာမှ မနာလိုအားကျစွာ ငေးကြည့်နေမိသည်။ ငကျော်က သူတို့ခြံဝင်းထဲတွင် မိုးရေတွေကြားထဲ ဘောလုံးကန်နေသည်။ သူက ကျွန်တော့်ကိုမြင်၍ လှမ်းခေါ်သည်။

"မင်းဆက်ရေ အိမ်ဘက်ကူးခဲ့ပါလား ဘောလုံးကန်ကြရအောင်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်လှေကားပေါ်က ပြေးဆင်း၍ ငကျော်တို့ခြံဘက် ကူး သွားမည်ပြင်သောအခါ တီမေက ဆီးဟန့်သည်။

"မသွားရဘူးနော်၊ ပြီးရင်သူပဲ လှိမ့်ဖျားတာ၊ ကိုယ့်အကြောင်း ကိုယ် သိရဲ့သားနဲ့"

ဟုတ်ပါသည်။ ကျွန်တော် မိုးမိခဲ့လျှင်လည်း တစ်ပတ်နှစ်ပတ်လောက် အဖျားကြီးနေတတ်ပါသည်။ ထို့ကြောင့် တီမေနှင့် အဘွားက မိုးမိ မခံစေရန် ကန့်သတ်ထားခြင်း ဖြစ်၏။ မနှစ်က ညနေကျောင်းဆင်းချိန်တစ်ခုတွင် မိုးများ သည်းထန်နေခဲ့သည်။ တီမေတို့ လာကြိုသည်အထိ မစောင့်ဘဲ ကျွန်တော်တို့သုံးယောက် လွယ်အိတ်များကို ပလတ်စတစ်အိတ်ထဲသို့ ထည့် ကာ မိုးရေထဲ ပြေးလွှားခုန်ပေါက်၍ ပြန်လာခဲ့ကြဖူးသည်။ လမ်းတစ်ဝက် တွင် တီမေတို့နှင့် တွေ့၏။ ထိုနေ့က အဆူလည်း ခံလိုက်ရသလို တစ်ခါမှ မဖျားဖူးသောပုံစံဖြင့် အဖျားလည်း ကြီးခဲ့ရသည်။

ယခုကဲ့သို့ ရဲယိုပင်ကကျလာသော မိုးစက်နည်းနည်းလေးစွတ်ရုံမျှ ဖြင့် ကျွန်တော် မဖျားတန်ကောင်းပါဘူး။ ပြီးမှ အဘွား၏ဆေးခြင်းထဲမှ ဗမာ လျှာပွတ်ဆေးခါးကြီးကို ကြိုသောက်လိုက်ဦးမည်ဟု တွေးလိုက်သည်။

ကျွန်တော်ဖျားလျှင် ဒုက္ခအရောက်ဆုံးသူမှာ တီမေပင်။ ကျွန်တော် ဖျား၍ ကယောင်ကတမ်းများဖြစ်သောကြောင့် ဆေးခန်းလိုက်ပို့သည့် နေ့က တီမေ မျက်ရည်လေးဝဲကာ ငိုနေပါသည်။ ဆေးခန်းကအပြန်တွင် ကျွန်တော့်ကို အိပ်ခန်းထဲတွင် စောင်အထပ်ထပ်ခြုံစေပြီး ချွေးထုတ်ခိုင်းသည်။ ချွေးများ ရွှဲလာလောက်ပြီဆိုလျှင် အိမ်အပေါ်ထပ်သို့ တက်လာပြီး ချွေးစိုအင်္ကျီများ လဲပေးသည်။ ညဘက် ကိုယ်ပူမကျလျှင် ရေပတ်များ တိုက်ပေးသည်။ တီမေက ကျွန်တော့်အတွက် ဆန်ပြုတ် ပြုတ်ပေးသည်။ ကော်ဖီကြမ်းကို နို့မှုန့်နှင့် သကြားရော၍ ဖျော်တိုက်သည်။ ထိုကော်ဖီ၏ အရသာကိုတော့ ကျွန်တော်ကြိုက်သည်။ ကော်ဖီကို ဇောက်တိမ်သော ပန်းကန်ပြားထဲ အအေး ခံပြီးလျှင် ဆေးနှင့် မျှောချ၍ သောက်ခိုင်းတတ်သည်။

မေမေ ကျွန်တော့်အနားတွင် မရှိတော့သည့်အချိန်မှစ၍ တီမေသည် အပျိုလေးတန်မဲ့ မေမေ့နေရာသို့ အလိုအလျောက် ရောက်ရ၏။ ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

နှလုံးသားထဲတွင် တီမေ့ကို အဒေါ်နေရာသာမက မေမေ့နေရာကိုပါ ပေးထားခဲ့သည်။ မေမေမရှိတော့သည့်နောက်ပိုင်း တီမေ့ကို တီမေဟုအသံထွက်ခေါ်ခဲ့၍ ကျွန်တော့်နှုတ်ဖျားတွင် ထိုနာမည်သာ တွင်ခဲ့ခြင်းဖြစ်ပါသည်။

သူငယ်တန်းနှင့် တစ်တန်းအထိ တီမေက ကျောင်းပို့ကျောင်းကြိုလုပ်ပေးသည်။ ကျောင်းသွားသည့်လမ်းများကို ရင်းနှီးအောင် မှတ်ခိုင်းသည်။ ကားလမ်းကူးလျှင် ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်ပြီးမှ လမ်းကူးရန် သင်ပေးသည်။ နယ်မြို့လေး၏ ကားလမ်းမဖြစ်သောကြောင့် လမ်းကူးရသည်မှာ မခက်။ စက်ဘီးအများစုနှင့် ဆိုင်ကယ်အချို့သာ အသွားအလာ ရှိသည်။ တစ်ခါတလေမှ ကားပေါက်စလေးများ တစ်စီးစနှစ်စီးစလောက်သာ ဖြတ်မောင်းလေ့ရှိသည်။ သုံးတန်းတက်ရသောနှစ်တွင် ကျွန်တော်တို့သုံးယောက်သည် လူကြီးအထိန်းမှ လွတ်မြောက်စွာ ကျောင်းသို့ သွားတက်နေပြီဖြစ်၏။

ကျွန်တော် သုံးတန်းနှစ်သို့ ရောက်သောအချိန်တွင် အရာရာသည် အသားကျလျက်ရှိနှင့်ပြီ။ ကျောင်းစတက်သည့်နေ့တွင် ငိုနေခဲ့သည့် မိရွှန်းသည် အခန်းထဲတွင် ပထမချည်းပဲရသည်။ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်ထဲတွင် ဒုတိယစာအတော်ဆုံးမှာ ကျွန်တော်ဖြစ်၏။ ငကျော်သည် အချို့လများတွင် ဘိတ်ချေး ဖြစ်နေတတ်သည်။ ဒေါ်ဒေါ်ညွန့်က ငကျော် စာညံ့သည်ကို အားမရပေ။ ထို့ကြောင့် ကျွန်တော်နှင့် မိရွှန်းကို ၎င်းတို့အိမ်သို့လာစေ၍ ငကျော်နှင့် စာအတူတူလုပ်ကြရန် ခေါ်လေ့ရှိသည်။

နယ်မြို့လေးတွင် မြင်တွေ့ရသော အိမ်တိုင်းနီးပါး၏ခြံစည်းရိုးများမှာ အလျားလက်တစ်ဝါးစာ အနံခြောက်ပေခန့်ရှိသော ပျဉ်ချောင်းများကို မြေစိုက်စီရိုက်ထားကြသည်မှာ များသည်။ အိမ်ထဲမှနေ၍ခြံစည်းရိုးစပ်တွင် နှစ်ရှည်ခံ သီးပင်စားပင်များ သို့မဟုတ် ပန်းမန်သစ်ပင်များ စိုက်ထားတတ်ကြသည်။ ကျွန်တော်တို့သည် ကျောင်းသွားသော လမ်းတစ်လျှောက်တွင် လက်ကိုငြိမ်ငြိမ် မထားကြပေ။ သူများအိမ်ခြံစည်းရိုးကြားမှ လမ်းဘက်သို့ ထိုးထွက်နေသော အပင်များ၊ အသီးများ၊ အရွက်များကို ခူးဆိတ်ကြသည်။ ရပ်ကွက်ထဲမှ မထွက်ရသေးခင်မှာပင် အိမ်ခေါင်းရင်းဘက်ရှိ အမေညိုတို့

mgyoe.com

mgyoe.com SAMPLE BOOK

ခြံစည်းရိုးနားက ရေမွှေးနှင်းဆီများကို ကျွန်တော်က နေ့တိုင်း သွားခူး တတ်သည်။ ကျောင်းရောက်လျှင် အတန်းပိုင် ဆရာမကို ပေးသည်။ နောက် တစ်ရက်တွင် ကုန်းပေါ်ရှိ ဒေါ်ငွေကြည်၏အကြော်ဆိုင်ခြံစည်းရိုးက အနီ ရောင် နှင်းဆီပန်းများကို ခူး၍ ဆရာမကို မျက်နှာလုပ်ကာ ပေးပြန်၏။

"သားတို့အိမ်က ပွင့်တာလား"

ဆရာမ ဒေါ်သက်ငုံဖူးကမေးလျှင် လမ်းဘေးက ခူးလာသည်ဟု ပဲ ကျွန်တော် မထုံတတ်တေး ဖြေလေ့ရှိသည်။ စာသင်ချိန် တစ်နေကုန်လုံး ကျွန်တော်ပေးထားသည့် နှင်းဆီပန်းလေးများ ဆရာမ ဆံထုံးတွင် နေရာယူ ထားသည်ကို ကြည့်မိတိုင်း ကျွန်တော့်မှာ ပြုံးရင်း ပီတိဖြာဝေလျက် ရှိရ၏။

ငကျော်နှင့် ကျွန်တော်သည် နီးရာခြံစည်းရိုးစပ်မှ ကီလိုမာလကာ သီးများကိုလည်း ခိုးခူးဖူး၏။ ဩဇာသီးများကိုလည်း ဆွတ်ယူဖူး၏။ တစ်ခါ တုန်းက ကျွန်တော်တို့ ဩဇာသီးခိုးခူးကြသည်ကို ခြံအတွင်းမှ အိမ်ပိုင်ရှင် မြင်သွား၍ အော်ဟစ်သောကြောင့် လုံးနေအောင် ကျောင်းသို့ ပြေးခဲ့ရဖူးသည်။

မိရွှန်းကတော့ ပုဏ္ဏရိပ်ပန်း အနီရောင်အပင်တန်းများမှ အသီးနီနီ သေးသေးလေးများကို ခူးစားတတ်သည်။

"ဒါကို ပန်းသီးပေါက်စလို့ ခေါ်တယ် ချိုတယ်ဟ။ အပြင်မှာ ဝယ်စား ရင်လေ ဈေးကြီးတယ်"

ဤကဲ့သို့ ပုဏ္ဏရိပ်သီးကို ဈေးကွက်ဝင်ပန်းသီးပေါက်စဟု ရှီးရွမ်း တတ်သော မိရွှန်းပင်ဖြစ်သည်။ တစ်ခါကြီးတုန်းက လဲ့လဲ့ဆိုသည့် ကောင်မလေး က ရန်ဖြစ်ရင်း သူ့ကို ဝက်မဟု ခေါ်သောကြောင့် ရှိုက်ကြီးတငင် ငိုခဲ့သေးသည်။ ကျွန်တော်နှင့် ငကျော်အား စစ်ကူခေါ်ပြီး ထိုကောင်မလေးကို ရန်တွေ့ပေးဖို့ ပူဆာ၏။ ငကျော်ကတော့ မိရွှန်းကိုထိ ခံားကြည့် ဆိုသည့်အထာဖြင့် ရန်ကူ ဖြစ်ရန် တက်ကြွနေသည်။ ကျွန်တော်ကတော့ ထိုသို့ ရှုပ်ယှက်ရသည်ကို မကြိုက်။

"သူက မှန်တာပြောတာပဲ မိရွှန်းရ၊ နင်ကတကယ်လည်း ဝတုတ်ပြီး ဝက်မနဲ့တူနေတာကိုး"

ကျွန်တော့်စကားကြောင့် သူငိုသည့်အသံမှာ တအီးအီးဖြင့် ပို၍ကျယ်

mgyoe.com

mgyoe.com SAMPLE BOOK

လာခဲ့ပါသည်။ ပြီးမှ ကျွန်တော့်ကိုပါ အော်လေ၏။

"မင်းဆက်၊ ကောင်စုတ်၊ သေနာ. . .။ ကိုယ့်သူငယ်ချင်းဘက်က ပါမယ်ဆိုတာ မရှိဘူး။ သွေးစည်းမယ်ဆိုတာ မရှိဘူး။ နင်ကပါ ငါ့ကို ဒီလို ပြောတယ်ပေါ့လေ"

"ကြည့်ထားနေ ငါကြီးလာရင် ပိန်အောင်လုပ်မယ်။ လှအောင်လုပ်မယ်။ နင်ရော လဲ့လဲ့ရော၊ ငါ့ကိုမလှဘူးပြောတဲ့လူတွေရဲ့ရှေ့မှာ ပြန်လာလျှောက်ပြမယ်။ အဲ့ကျမှ ရွှန်းမြသော်တာက မော်ဒယ်လ်လေးကျနေတာပဲ လှလိုက်တာ ဆိုပြီး ပြောနေစေရမယ် စောင့်နေလိုက် အီးဟီး ဟီး"

သူ့ဟာသူငို၊ သူ့ဟာသူတိတ်၊ သူ့ဟာသူပင် ပွစိပွစိဖြင့် ကျိန်းဝါးနေသော သူငယ်ချင်းမလေး၏ အမူအရာသည် ချစ်စရာကောင်းသကဲ့သို့ ရယ်စရာလည်း ကောင်းသေး၏။ ကျွန်တော်က ပြုံးစိစိဖြစ်နေသောအခါ သူ့လက်ကြီးများဖြင့် ကျွန်တော့်ကျောကုန်းကို တဖုန်းဖုန်းမြည်အောင် ထုရိုက်ပါတော့၏။

❑

မေမေ့ကိုလွမ်း၍ ကျောင်းမုန့်စားဆင်းချိန်တစ်ခုတွင် ကျောင်းရှေ့ ကွင်းပြင် အလံတိုင်နံဘေး၌ ကျွန်တော် သွားငိုခဲ့ဖူးသည်။ ထိုနေ့က ကျွန်တော့် အံသွား ပိုးစား၍ကိုက်နေခဲ့သည်။ ကျောင်းမုန့်ဈေးတန်းမှ ဓားလှီးရေခဲမုန့်ဝယ် စားလိုက်ခြင်းသည် ကျွန်တော့်အား ငိုချင်လျက်လက်တို့ ဖြစ်စေခဲ့၏။ ရေခဲမုန့် အေးအေးများက သွားပိုးပေါက်ထဲ ဝင်၍ သွားပိုကိုက်ပြီး ငိုချင်လာသည်နှင့် အတူ မေမေကျွန်တော့်ကို ထားရက်ခဲ့လေခြင်းဆိုသည့် ဝမ်းနည်းစိတ်က မဖိတ်ခေါ်ဘဲ ဝင်လာခဲ့သည်။ ထို့ကြောင့် ဓားလှီးမုန့်ကို မြက်ခင်းပြင်ပေါ် လွှင့်ပစ်လိုက်ရင်း သွားကိုက်သည့် ပါးတစ်ခြမ်းကိုအုပ်ကာ ကျွန်တော် အလံတိုင်နံဘေးသို့ လာထိုင်ခဲ့သည်။

"ဟယ် မင်းဆက်ရယ် မုန့်ဈေးတန်းကနေ ဘယ်လိုပျောက်သွားတာ တုန်း။ ငါအန်တီတိုးကြီးဆိုင်မှာ အုတ်ခဲမုန့်လေး ဝယ်နေတုန်းရှိသေး လှည့်ကြည့်တော့ နင်က မရှိတော့ဘူး"

ခဏနေသောအခါ ကျွန်တော်ပျောက်၍ လိုက်ရှာနေသည့် မိရွှန်း ရောက်လာ၏။ ထိုနေ့က ကျွန်တော် ငိုသည်ကို ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်း

mgyoe.com